မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်၊ ၂၀၀၉ ခုနှစ်၊ ဇွန် ၂၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၆၂)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသော အခြေခံပညာကျောင်း ၆၀ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ရည်မှန်းချက်ဖြစ် နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူများက နိုင်ငံတော်နှင့်အတူ ဦးထမ်းပဲ့ထမ်း ဆောင်ရွက်ကြရန်မှာကြား

နေပြည်တော် ဇွန် ၂၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဧရာဝတီတိုင်းအတွင်း မုန်တိုင်းသင့်ဒေသများရှိ စာသင်ကျောင်း၊ ဆေးရုံ၊ နေအိမ်တည်ဆောက်မှုနှင့် Cyclone Shelters တည်ဆောက်မှုလုပ်ငန်းများ၊ လမ်းတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရန် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ဧရာဝတီတိုင်း ပုသိမ်မြို့သို့ နံနက် ၈ နာရီတွင် ရောက်ရှိပြီး နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် အနောက်တောင်တိုင်းစစ်ဌာနချုပ်တွင် ယာယီခင်းကျင်းပြသထားသည့် ကျေးရွာများသို့ ဖြန့်ဝေပေးမည့် ကူဘိုတာ လက်တွန်းလယ်ထွန်စက်များ၊ ၄င်းနှင့်တွဲဖက်အသုံးပြုရန် စက်တုန်းများ၊ ထယ်သွားများ၊ အနိမ့်တင်ရေတင်စက်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၉ ခုနှစ် ဇွန် ၂၄ ရက်)

နိုင်ငံတစ်ဝန်း ဆည်မြောင်းတမံများ တိုးချဲ့တည်ဆောက် ရေရှည်အသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)က တည်ဆောက်ခဲ့သည့် ပဲခူးတိုင်း ဝေါမြို့နယ်ရှိ နဂါးပေါက်ရေထိန်းတံခါး ဖွင့်ပွဲအခမ်းအနားကို ဇွန်လ၂၀ရက်နေ့က အဆိုပါရေထိန်းတံခါးအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပခဲ့သည်။

နဂါးပေါက်ရေထိန်းတံခါးသည် ဒိုက်ဦး-ညောင်ခါးရှည်လမ်း၏ အရှေ့ဘက်သုံးမိုင်ခန့်အကွာ နဂါးပေါက်ချောင်းနှင့် ခမုံမြစ်ကျိုးဖြတ်ချောင်းဆုံရာအနီး၌တည်ရှိပြီး ဝေါမြို့နယ်အတွင်းရှိ ရေကြီးကွင်းများ၊ မိုးရာသီရေမြုပ်မှုမှကာကွယ်ပြီး ဧက၁၅၀၀၀ခန့်ကို ရေဘေးကာကွယ်ပေးနိုင်မည့် ရေထိန်းတံခါးဖြစ်သည်။

မိုးရာသီတွင် စစ်တောင်းမြစ်ရေများ လယ်ကွင်းအတွင်းမဝင်ရန် ကာကွယ်ပေးခြင်းဖြင့် ရေကြီးမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပြီး နွေရာသီ၌ စစ်တောင်းမြစ်မှရေချိုများကို ရေထိန်းတံခါးမှတစ်ဆင့် စိုက်ပျိုးရေအဖြစ် ပေးသွင်းနိုင်မည်ဖြစ်သည်။ နွေရာသီတွင် စစ်တောင်းမြစ်မှရေငန်များ စိုက်ခင်းများသို့ မဝင်ရောက်နိုင်ရန်ကိုလည်း တားဆီးပေးနိုင်မည်ဖြစ်သည်။

နဂါးပေါက်ရေထိန်းတံခါးသည် ကောလိယ၊ ဘိုင်းဒါ၊ ဘောရိ စသည့်ရေလှောင်တမံများမှ ပိုလျှံသည့်ရေများကို ထိန်းသိမ်းပြီး ပဂိုင်တာ ရေသွင်းတံခါးမှတစ်ဆင့် ပဲခူး၊ စစ်တောင်းတူးမြောင်းအတွင်း ရေဖြည့်သွင်းပေးနိုင်မည် ဖြစ်သည်။

မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်ခြင်းဖြင့် စိုက်ဧကတိုးတက်များပြားလာသည့် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင်လည်း ယခင်က ရေလမ်းကိုသာ အားထားအသုံးပြုနေရာမှ ပဂိုင်တာကြီးကို ခိုင်ခံ့ရန် တာပေါင်ဖို့ခြင်း၊ တာပေါင်လမ်းများ ဖောက်လုပ်ပေးခြင်းတို့ဖြင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ပြည်သူများအနေဖြင့် နဂါးပေါက်ချောင်းကို လွယ်ကူစွာ ဖြတ်သန်းသွားလာနိုင်ကြပြီဖြစ်သည်။ ကျေးရွာချင်းဆက် လမ်းများ ပေါ်ထွက်လာပြီး ကားကြီးများပါ သွားလာနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်သည်။

နဂါးပေါက်ရေထိန်းတံခါးသည် စိုက်ပျိုးဧက ၁၅၀၀၀ အတွက် စိုက်ပျိုးရေများ ထိန်းသိမ်းပို့လွှတ်နိုင်မည့်အပြင် ရန်ကုန်မြို့တော် မိုင်၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပေရာ နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း ရေထိန်းတံခါးများ၊ ဆည်တမံများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိရာ တည်ဆောက်ပြီးသော ဆည်တမံများ ရေရှည်အသုံးပြုနိုင်ရေးအတွက် ဒေသခံပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၂၄-၆-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၂၅	၄။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၅။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၀၀	၇။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၅၀	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	လျှပ်တစ်ပြက်
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **ပြိုင်ကားကလေးဇက်ပါ** (အပိုင်း-၉)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆယ်ကျော်သက်သတို့သမီး** (အပိုင်း-၉)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	ဖြေလိုက်ပါ
	၂၁။	ICT သုတ
	၂၂။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **စစ်မှုရေးရာအနုပညာ** (အပိုင်း-၆)

(၁၂)ကြိမ်မြောက် အာဆီယံပရဆေးပင်များဆိုင်ရာ ကျွမ်းကျင်သူများ အစည်းအဝေးဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော (၁၂)ကြိမ်မြောက် အာဆီယံသစ်တောကဏ္ဍဆိုင်ရာ အစည်းအဝေးများမှ (၁၂)ကြိမ်မြောက် အာဆီယံပရဆေးပင်များဆိုင်ရာ ကျွမ်းကျင်သူများအစည်းအဝေး (**The 12th Meeting of the ASEAN Experts Group of Herbal and Medicinal Plants**) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်း၊ သစ်တောရေးရာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အစည်းအဝေးတွင် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှတ်တရ

အစည်းအဝေးတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ် Mr. Dian Sukmajaya က အမှာစကားပြောကြား၍ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ နိုင်ငံကိုယ်စားလှယ်များက နိုင်ငံအလိုက် ပရဆေးပင်ဆိုင်ရာ အစီရင်ခံစာများကို တင်သွင်းဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးကို ဇွန် ၂၃ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျီတီအိုင်ကျောင်းသားကျောင်းသူဟောင်းများ စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ဂျီတီအိုင်ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ (၉)ကြိမ်မြောက် စုပေါင်းအလှူပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာ့လင်္ကာရ မဟာမဇ္ဈိမာန်တော်ကြီးတွင် ကျင်းပမည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက ရုံးအဖွဲ့မှူး ဦးခင်ဇေ ဖုန်း-၅၁၉၈၆၃ ထံ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၆-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**အမှားနှင့်အမှန်ခွဲခြားသိရန်** တရားတော် (အရှင်ဇာနေယျ ရွှေမိုးညိုဆရာတော်)
၆း၄၅	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၇း၀၀	MRTV-4 သတင်း
၇း၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၁)
၈း၃၀	နယဉ်ဆန်းထွင်ပန်းအလှဆင် (ဒိုင်းမွန်းပုံ ပန်းအိုးထိုးနည်း)
၉း၀၅	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၉း၃၀	Sports World (Athelatic)
၁၀း၀၀	Industrial Talk
၁၀း၃၀	ဒွါရာဝတီ၏အနုပညာ... ဝါးရက်ကန်းလက်ရာ
၁၀း၄၀	ထာဝရပီတိလွှမ်းခြုံခံစား ကုသိုလ်ထူးရဲ့စွမ်းပကား
၁၁း၀၀	စားချင်စဖွယ် နည်းအသွယ်သွယ် (European Style Set Menu)
၁၁း၂၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Monument Toy Shop)
၁၁း၄၀	ဗီဒီယိုပြခန်း
၁၂း၀၀	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်...
၁၂း၁၅	မြေလတ်ရဲ့ဆည်ကန်သာ မဒေးရေလှောင်တမံပါ
၁၂း၃၀	ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
၁၂း၄၀	အားလပ်ရက်တစ်နေ့မှာ စားချင်ဖွယ်ရာ ဂျင်ဆင်းဟော့ပေါ့ အရသာ
၁း၀၀	**အမှားနှင့်အမှန်ခွဲခြားသိရန်** တရားတော် (အရှင်ဇာနေယျ ရွှေမိုးညိုဆရာတော်)
၁း၄၅	စေတီတို့ရဲ့နောင်တော် တွံတေးရွှေဆံတော်
၂း၀၀	MRTV-4 သတင်း
၂း၄၅	နယဉ်ဆန်းထွင်ပန်းအလှဆင် (ဒိုင်းမွန်းပုံ ပန်းအိုးထိုးနည်း)
၃း၂၀	လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၃း၄၅	ဒွါရာဝတီ၏အနုပညာ... ဝါးရက်ကန်းလက်ရာ
၃း၅၅	ထာဝရပီတိလွှမ်းခြုံခံစား ကုသိုလ်ထူးရဲ့စွမ်းပကား
၄း၁၅	မြန်မာစာ၊ မြန်မာစကား
၄း၃၀	တေးဂီတအစီအစဉ်
၄း၃၅	ဒေဝီစေခိုင်း သမင်လိုက်ခန်းနှင့် ကျေးလက်ကကွက် လွန်စွဲမက်
၄း၄၅	ပုံဖော်ထွင်းထုအနုန်းခွဲပန်းပု
၅း၀၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ)
၅း၂၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၅း၄၅	ဓာတ်ပုံထဲမှအမှတ်တရများ (ရည်မွန်၏ဓာတ်ပုံထဲမှ အမှတ်တရများ)
၆း၀၀	MRTV-4 သတင်း
၆း၁၅	World of Knowledge (Robo Human)
၇း၀၅	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (မိုးသောက်ပန်းအဆင့်မြင့်မူကြို)
၇း၂၀	စားချင်စဖွယ်နည်းအသွယ်သွယ် (European Style Set Menu)
၇း၄၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Monument Toy Shop)
၈း၀၀	MRTV-4 သတင်း
၈း၃၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၀	MRTV-4 ကျန်းမာရေးကဏ္ဍ (မိုးရာသီတွင် ဖြစ်ပွားတတ်သော တုပ်ကွေးရောဂါ)
၉း၁၅	ဓာတ်ပုံထဲမှအမှတ်တရများ (ရည်မွန်၏ဓာတ်ပုံထဲမှ အမှတ်တရများ)
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ရှင်သန်လာသောနှလုံးသား** (အပိုင်း-၄၁)
၁၀း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ် (1) Game Asia (Part-5) (2) Snow Board
၁၁း၂၅	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်
၁၁း၄၀	Industrial Talk
၁၂း၁၀	ရှက်ခေါက်သီးမြစ်တို့၏ ကောင်းကျိုးဆိုးပြစ် (အပိုင်း-၁)
၁၂း၂၅	ပုံဖော်ထွင်းထုအနုန်းခွဲပန်းပု
၁၂း၄၀	ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ (မိုးသောက်ပန်းအဆင့်မြင့်မူကြို)
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။



ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ရေပေးရေးလုပ်ငန်းတွင်ပါဝင်သည့် တိုးချဲ့ရုပ်ကွက် ရေပေးရေး အလယ်ပန့် ဂါလန် ၇၅၀၀ ဆံ့ ရေစုကန်ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၁၅ ရက်က အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းပေါ်တွင် လူမှု၊ စီးပွားဘဝ ပိုမိုတိုးတက်ရေးကြိုးပမ်း

အနာဂတ်တွင် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်မည့် အခြေအနေမျိုးပေါ်ပေါက်လာအောင် အသိတရားနှင့်ယှဉ်၍ သတိတရားပေါင်းစပ်ဆောင်ရွက်

နေပြည်တော် ဇွန် ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဇွန်၁၉ရက် နံနက်စနာရီတွင် မကွေးတိုင်း ဂန့်ဂေါခရိုင် ထီးလင်းမြို့ရှိ ရွှေထီးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။ (အပေါ်ပုံ)

အဆိုပါ တွေ့ဆုံပွဲသို့ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ထီးလင်း(၁)၊ ထီးလင်း(၂)၊ ထလင်း၊ သရခါ၊ ပုဏ္ဏား၊ ကျားခဲ၊ ထန်းပင်ကုန်း၊ တောရောင်း၊ ဝါးရင်းချိုင်၊ကွမ်းဖဲ၊ ဝါးဘိုးချောင်၊ပဇင်းချောင်၊ ဝက်သက်ရွာမ၊ ဝက်သက်မြောက်၊ အကြည်ဘန်း၊ ပါးမျဉ်း၊ အောင်း၊ ညောင်၊ ငါးဆင်း၊ တင်းချောင်း၊ အုံးတွဲ၊ လက်ပန်၊ လုံးပေါင်၊ ကျိုင်း၊ ဘူးတောင်း၊ဆင်စွယ်၊ အညာဘန်းနှင့် အလယ်ဘန်းစသည့် ထီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာ၂၈ရွာမှ ဒေသခံပြည်သူ၄၀၀၀ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံပွဲတွင် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် လိုအပ်ချက်များကို တင်ပြကြရာ ဝန်ကြီးက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ဒေသဖွံ့ဖြိုးရေးအတွက် ထီးလင်းအမှတ်(၁) ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း ပြုပြင်ရန် ထန်းပင်ကုန်းကျေးရွာ အခြေခံပညာ မူလတန်း(လွန်)ကျောင်းဆောင်ဆောက်လုပ်ရန်၊ တောရောင်းကျေးရွာ စာကြည့်တိုက်ဆောက်လုပ်ရန် ၊ အကြည်ဘန်းကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းဆောင်ဆောက်လုပ်ရန်တို့အတွက် အလှူငွေများကိုလည်းကောင်း၊ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြန်ကြားရေးရာဌာနကြီးမှ လှူဒါန်းသော စာအုပ် စာစောင်များကို ထီးလင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ခင်ထွေးက ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သုံးသပ်ဆောင်ရွက်

တွေ့ဆုံပွဲ၌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ ပညာရေးနှင့် အခြားကဏ္ဍအားလုံးကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်အခြေတည်ပေးပြီးဖြစ်ကြောင်း၊ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းပေါ်တွင် ပြည်သူတစ်ရပ်လုံးက လူမှု၊ စီးပွားဘဝ ပိုမိုတိုးတက် အောင်မြင်အောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံးက လိုလားအကောင်အထည်ဖော်လျက်ရှိသော ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ခါးသီးစွာ ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို သင်ခန်းစာရယူလျက် အနာဂတ်တွင် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ဆောင်ရွက်သွားနိုင်မည့် အခြေအနေမျိုး ပေါ်ပေါက်လာအောင် အသိတရားနှင့်ယှဉ်၍ သတိတရား ပေါင်းစပ်သုံးသပ်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၂၃

မြန်မာနိုင်ငံတွင် A(H1N1) မဖြစ်ပွားသေးသော်လည်း ရာသီတုပ်ကွေးဖြစ်တတ်သည့် ကာလဖြစ်သောကြောင့် သတိရှိရှိကာကွယ်ရန် လိုအပ်ကြောင်း ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များပါသည့် **"သတိပြုဆင်ခြင်ပါ A(H1N1) ကမ္ဘာ့လူတုပ်ကွေးရောဂါ"**ဆောင်းပါး၊ ခေတ်ဟောင်းသတင်းစာများကပြောနေသော ပြည်တွင်း နိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅) အမှတ် (၂၄) ထွက်ရှိလာသည်။

ယင်းအပြင် ဆရာမောင်စူးစမ်း၏ **"မြန်မာ့ပင်မရေစီးကြောင်းအသစ်၏ ပုံသဏ္ဌာန်"**၊ ဆရာဦးကျော်ဝင်း၏ **"၂၀၁၀အလွန် မီဒီယာခေတ်ကို စိတ်ကူးဖြင့်မှန်းကြည့်ခြင်း"**၊ ကိုရီးယားက မြန်မာသင်တန်းသား ၅၀၀ခေါ်မည်၊ MNL ကွင်းဝင်ကြေး တိုးမြှင့်သတ်မှတ်၊ မြန်မာအမျိုးသမီးများ လေယာဉ်မောင်းနိုင်တော့မည်၊ ပါမစ်ဘေဘုတ်ကြီးများ သုံးနှစ်အထိ သက်တမ်းတိုး ငှားရမ်းခွင့်ပေးမည်၊ HIV/AIDS ကူးစက်ခံ ကလေးငယ်များအား တိုးချဲ့ကူသပေးနိုင်တော့မည်ဟုဆို၊ ပြေးလမ်းချော်ခဲ့သော ရန်ကုန်- စစ်တွေလေယာဉ် ဒေါ်လာနှစ်သန်းအာမခံထား၊ ရိုက်ကွင်းပေါ်မှ အမှတ်တရပုံရိပ်များ မြဝတီတွင် ကြည့်ရတော့မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **"မိုးရာသီနှင့်လျှပ်စစ်မီး"** အကြောင်း၊ သုံးမိနစ် မန်နေဂျာကဏ္ဍမှ **"ဈေးနှုန်း ဘယ်လိုသတ်မှတ်သလဲ"**၊ **"ပူပူနွေးနွေး အိမ်ထောင်ရှင်မဖြစ်သွားတဲ့ ဇင်ဇင်ဇော်မြင့်ရဲ့ ဖွင့်ဟချက်များ"**ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

လီမြောင်ဘက်နှင့် အိုဘားမားတွေ့ဆုံ၊ ဒုတိယသမ္မတဟောင်း ဒစ်ချေနီ၏ ဝေဖန်မှုအား အမေရိကန်ကို အကြမ်းဖက်သမားများ ထပ်မံတိုက်ခိုက်ခံရစေချင်သောဆန္ဒရှိသလိုဖြစ်ဟုဆို၊ ဘတ်ငွေတန်ဖိုးခိုင်မာမှုကြောင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များ အသာစီးရ၊ ဦးနှောက်အတွင်းမှ ကင်ဆာဆဲလ်များကို ရပ်တန့်ပစ်ရန် နည်းလမ်းရှာဖွေတွေ့ရှိ၊ အိမ်သုံး ကွန်ပျူတာများကြောင့် ဆေးရုံတင်ခဲ့ရသူ အရေအတွက် ခုနစ်ဆတိုးလာ၊ **"သမီးငယ် နေကောင်းလာစေရန် ဝတ်ပြုဆုတောင်းနေစဉ် သေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး ဇနီးမောင်နှံနှစ်ဦး တရားစွဲဆိုခံရ"**မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ **"ပြောရဦးမယ် သူတို့ကဒီလိုတဲ့"**ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍများ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ဆန်လုံးညိုတွင် ကာဗိုဟိုက်ဒရိတ် ပါဝင်မှုနည်းသည့်အပြင် ကစီဓာတ်လည်း ပါဝင်မှုနည်းကြောင်း၊ ဆန်လုံးညိုသည် ဆီးချို၊ သွေးချိုဝေဒနာရှင်များနှင့် ကိုက်ညီမှုရှိကြောင်း၊ ထို့အပြင် သွေးကြောနံရံများ ပျက်စီးမှုမှ ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

စားသုံး

·ဆန်လုံးညိုတွင် ပါဝင်သောဓာတ်များကြောင့် သွေးအတွင်း သကြားဓာတ်ပါဝင်မှုကို ကျဆင်းစေသည်။ ဆန်လုံးညိုကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်ခန့် စားသုံးပေးပါက သွေးတိုးနှင့် ဆီးချိုရောဂါတို့ မဖြစ်ပွားနိုင်ကြောင်းဖြင့်လည်း တရုတ် ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

လျော့နည်း

ဆန်လုံးညိုစားသုံးသူ ၁၀၀၀ ကို သုံးနှစ်ကြာ သုတေသနပြုလေ့လာခဲ့ရာ သွေးတိုးနှင့် ဆီးချိုရောဂါများကို ကာကွယ်ပေးနိုင်မှု ၆၅ရာခိုင်နှုန်းရှိသည်ကို တွေ့ရကြောင်း ၎င်းတို့က ပြောကြားသည်။ ။ (အင်တာနက်)

ဝန်ကြီးဦးအောင်ကြည်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၂၃

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ဇွန် ၃ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည့် (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြပြီး ဇွန် ၂၁ ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံသို့ တက်ရောက်ကြစဉ်။

(သတင်းစဉ်)

အမြင်ချင်းဖလှယ်

ဝန်ကြီးသည် ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဟွမ်ဆိုမားဗီးယားနှင့်တွေ့ဆုံ၍ **(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အလုပ်သမားရေးရာလုပ်ငန်းများ၊အနာဂတ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဦးအောင်ကြည်သည် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် ကုလသမဂ္ဂ အဆောက်အအုံရှိ ညီလာခံခန်းမ၌ကျင်းပသည့် (၉၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံ စုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားခဲ့သည်။ အလားတူ ထိုနေ့တွင်ပင် အလုပ်ရှင်ကိုယ်စားလှယ်ဒေါက်တာမျိုးသက်လည်း အလုပ်ရှင်အဖွဲ့အစည်းများ ကိုယ်စား ပါဝင်ဆွေးနွေးပြောကြားခဲ့သည်။

မိန့်ခွန်းပြောကြား

ဝန်ကြီး ဦးအောင်ကြည်၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဇွန်၁၅ရက်တွင် စတင်ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ အလုပ်အကိုင်အကျပ်အတည်းနှင့် စပ်လျဉ်းသည့် အိုင်အယ်လ်အို ထိပ်သီးအစည်းအဝေးသို့ ဆက်လက်တက်ရောက်ခဲ့ပြီး မွန်းလွဲပိုင်းတွင် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ဘက်မလိုက်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။ ဇွန် ၁၆ ရက် နံနက်ပိုင်းတွင်ပြုလုပ်သော အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများ၏ အလုပ်သဘောနံနက်စာစားပွဲသို့ ဝန်ကြီး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဂျီနီဗာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဝဏ္ဏမောင်လွင်တို့ တက်ရောက်ခဲ့ကြသည်။

အလုပ်သမားကိုယ်စားလှယ် ဦးသိန်းစိုးသည် ဇွန် ၃ ရက်မှ စတင်ကျင်းပသည့် ကျား၊မ တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှု မရှိစေရေး ကိစ္စရပ်များ ဆွေးနွေးသည့် ကော်မတီအစည်းအဝေးနှင့် ညီလာခံစုံညီ အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။ ဇွန် ၁၈ ရက်တွင် အိုင်အယ်လ်အို၏ ၂၀၁၀-၂၀၁၁ ခုနှစ် လုပ်ငန်းအစီအစဉ်နှင့် ဘဏ္ဍာရေးဆိုင်ရာအဆိုပြုချက်တို့ကို အတည်ပြုချမှတ်ရာ အလုပ်သမား ကိုယ်စားလှယ် ဦးသိန်းစိုးသည် အစိုးရ၊ အလုပ်ရှင်ကိုယ်စားလှယ်တို့နှင့်အတူ အီလက်ထရွန်နစ် မဲပေးစနစ်ဖြင့် ဆန္ဒမဲ ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

24-6 (03).pmd 1 6/24/2009, 2:43 AM

အာဖဂန်နိုင်ငံတစ်ဝန်း ပုံးခွဲတိုက်ခိုက်မှုများဖြစ်ပွား

ကလေးငယ်များအား စာသင်ကျောင်းသို့စေလွှတ်ရန် မိဘများမဝံ့မရဲဖြစ်နေ

ပုံးခွဲတိုက်ခိုက်မှုများကြောင့် ၁၅ ဦးသေဆုံး၊ ၆၀ကျော်ဒဏ်ရာရရှိ

ကဘူးလ် ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းတွင် ဇွန် ၂၂ ရက်က ဗုံးခွဲတိုက်ခိုက်မှုလေးကြိမ် နေရာသီးခြားစီ၌ ဖြစ်ပွားခဲ့ရာ အရပ်သား ၁၅ ဦးကျော်သေဆုံးပြီး ၆၀ ခန့်ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။ ၎င်းနိုင်ငံ ခို့စ်ပြည်နယ်အရှေ့ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုနေရာ နှစ်နေရာ၌ဖြစ်ပွားခဲ့ရာ အရပ်သားခုနစ်ဦးသေဆုံးပြီး ၄၀ ခန့်ဒဏ်ရာရရှိခဲ့သည်။ ပထမဗုံးဖောက်ခွဲတိုက်ခိုက်မှုမှာ မော်တော်ဆိုင်ကယ်ပေါ်၌ ဗုံးများတင်ဆောင်ပြီး ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

ဒုတိယဗုံးခွဲမှု

ဒုတိယဗုံးခွဲတိုက်ခိုက်မှုမှာ ခို့စ်ပြည်နယ် ခို့စ်မြို့ရှိ လျှပ်စစ်ရုံးအဆောက်အအုံအနီး လမ်းလျှောက်လာသူတစ်ဦးက ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ ယင်းဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားခြောက်ဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

တတိယဗုံးခွဲမှု

ခို့စ်ပြည်နယ် ခို့စ်မြို့ရှိ ကျန်းမာရေးဌာနချုပ် အဆောက်အအုံအနီး ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားပြီး ပြည်သူသုံးဦးသေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့သည်။

စတုတ္ထဗုံးခွဲတိုက်ခိုက်မှုမှာ အာဖဂန်နစ္စတန်အရှေ့ပိုင်း နန်ဂါဟာပြည်နယ် ဈေးတစ်ဈေးအနီးတွင်ဖြစ်ပွားပြီး အင်အားပြင်းထန်သည့် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူ ၁၀ ဦးရှိပြီး နေအိမ်အချို့ပျက်စီးခဲ့သည်။

စေလွှတ်ခြင်းမရှိ

အာဖဂန်နစ္စတန်နိုင်ငံတွင် ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားနေသဖြင့် ကလေးငယ်များအား စာသင်ကျောင်းများသို့စေလွှတ်ရန် စိုးရိမ်နေကြကြောင်း၊ အချို့ကလေးငယ်များအား မိဘများက စာသင်ကျောင်းများသို့ စေလွှတ်ခြင်းမရှိကြောင်း ခို့စ်မြို့မှ ယူဆွတ်အက်မာဒီဆိုသူ အမျိုးသားတစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

အီရတ် - အာဖဂန် သတင်းများ

အပြစ်မဲ့ပြည်သူ ဒဏ်ရာရရှိ

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့၌ ဖြစ်ပွားသည့်တိုက်ပွဲ၌ အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိနေပုံကိုတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ရင်နင့်ဖွယ်မြင်ကွင်း

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့၌ ဖောက်ခွဲရေးပစ္စည်းတင်ဆောင်လာသည့် ကားတစ်စီး ဗုံးပေါက်ကွဲခဲ့သည့် ဖြစ်ရပ်တွင် ဒေသခံပြည်သူတို့၏ အိုးအိမ်များ ပျက်စီးခဲ့ရသည်ကို ရင်နင့်ဖွယ်တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်နိုင်ငံ ဘဂ္ဂဒက်၌ ဗုံးခွဲတိုက်ခိုက်မှု ဆက်တိုက်ဖြစ်ပွား

ပြည်သူများ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ရန် သွားလာရေးခက်ခဲ

ဘဂ္ဂဒက် ဇွန် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဇွန် ၂၂ရက်က ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုနှင့် လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှုများကြောင့် ပြည်သူနှစ်ဦးသေဆုံးကာ ၅၀ ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ကားဗုံးဖောက်ခွဲ

ကားဗုံးဖောက်ခွဲ တိုက်ခိုက်သည့်နေရာမှာ ဘဂ္ဂဒက်မြို့ ကာရာဒါခရိုင်အတွင်းဖြစ်ပြီး လမ်းဘေး၌ရပ်ထားသောကားကို ဗုံးများတင်ဆောင်ကာ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်မှုမှာ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ဈေးရောင်းဈေးဝယ် စည်ကားသော ဈေးအနီး၌ ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်သည်။

စိုးရိမ်နေကြ

ထိုသို့ ဘဂ္ဂဒက်မြို့၌ ဗုံးခွဲတိုက်ခိုက်မှုများကြောင့် ဘဂ္ဂဒက်မြို့နေ ပြည်သူများ အသက်မွေးဝမ်းကျောင်း အလုပ်များလုပ်ကိုင်ရန် သွားလာရေးစိုးရိမ်ထိတ်လန့် နေကြရသည်။ နေရာအနှံ့ ဗုံးခွဲတိုက်ခိုက်နေမှုများကြောင့် ဈေးရောင်းဈေးဝယ် သွားလာရန်ပင် စိုးရိမ်ပူပန်မှု ဖြစ်နေလျက်ရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

ဆေးကုသ

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ အကြမ်းဖက်သမားတို့၏ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသည့် အရပ်သားတစ်ဦးအား ဆေးကုသပေးနေသည်ကို တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ လမ်းဘေးဗုံးခွဲမှုများဆက်လက်ဖြစ်ပေါ်

အရပ်သားရှစ်ဦးသေဆုံး၊ ၁၀ ဦးကျော်ဒဏ်ရာရ

ကဘူးလ် ဇွန် ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဇာဘူးလ်ပြည်နယ်ရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် မောင်းနှင်လာသည့် ဘတ်စ်ကားတစ်စီးမှာ ဇွန် ၂၂ ရက်က လမ်းဘေးဗုံး ပေါက်ကွဲထိမှန်ခဲ့ရာ အရပ်သားရှစ်ဦးသေဆုံးပြီး ၁၀ ဦးကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အာဂန်ဒတ်ပြည်နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားစဉ် သေဆုံးခဲ့သည့် တာလီဘန်ခေါင်းဆောင်တစ်ဦး၏ နာရေးမှအပြန်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် သေဆုံးသည့် တာလီဘန်ခေါင်းဆောင်၏ မိဘနှစ်ဦးပါဝင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ အကြီးအကဲ ဂူလမ်ဂျီလာနီခမ်က ဆင်ဟွာသို့ ပြောကြားသည်။

မြင့်တက်လာ

တာလီဘန်လက်နက်ကိုင်များမှာ အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နေတိုးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်ခဲ့သော်လည်း အပြစ်မဲ့အရပ်သားသေဆုံးမှုဦးရေမှာ ဆက်လက်မြင့်တက်လျက်ရှိသည်။ **(အင်တာနက်)**

ကြေကွဲဖွယ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသူတစ်ဦး၏ မိသားစုဝင်များ ဝမ်းနည်းကြေကွဲနေသည်ကိုတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အီရတ်၌ ပုံးပေါက်ကွဲမှုများကြောင့် ပြည်သူအများကျန်းမာရေး စောင့်ရှောက်မှုမပြည့်စုံ

မိုဆူးလ် ဇွန် ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့၌ ဇွန် ၂၂ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း မိုဆူးလ်မြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

ပစ်မှတ်ထား

ဒဏ်ရာရရှိသူ များကို မိုဆူးလ်မြို့ ဆေးရုံသို့ တင်ပို့ဆေးကုသမှုခံယူစေသော်လည်း ဆေးဝါးပြည့်စုံမှု မရှိကြောင်း အီရတ်အရာရှိတစ်ဦးက ပြောကြားသည်။

လိုအပ်နေ

မိုဆူးလ်မြို့နေ ပြည်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်ပေးမှု အားနည်းပြီး ဆေးဝါးနှင့် အထောက်အကူပြုပစ္စည်းများ ပြည့်စုံမှုမရှိကြောင်း၊ နိုင်ငံတကာမှ လှူဒါန်းငွေများ ရရှိသော်လည်း အီရတ်လုံခြုံရေးလုပ်ငန်းများတွင် ဦးစားပေးအသုံးပြုရသဖြင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၌ လိုအပ်ချက်များရှိနေဆဲဖြစ်ကြောင်း ၎င်းအရာရှိက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တောင်ကိုရီးယားနှင့်အိန္ဒိယနှစ်နိုင်ငံ စီးပွားရေးတိုးမြှင့်ဆောင်ရွက်မှုဆွေးနွေး

ဆိုးလ် ဇွန် ၂၃

တောင်ကိုရီးယားနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ယူမြောင်ဝမ်သည် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေးရန် သွားရောက်ကြောင်း ဇွန် ၂၂ရက်က အိန္ဒိယနိုင်ငံသို့ တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ အကျိုးတူ တိုးမြှင့်ဆောင်ရွက်မှု အစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဇွန် ၂၃ရက်က ကျင်းပသည်။

ပူးပေါင်းဆောင်ရွက်

ယင်းအစည်းအဝေးသို့ အိန္ဒိယနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီး ခရစ်ရှိနာနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး အာနန်ရှယ်မာတို့ တက်ရောက်ပြီး နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ကမ္ဘာ့စီးပွားရေးကဏ္ဍ ဆွေးနွေးမည်ဟု တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ယူမြောင်ဝမ်က ပြောကြားသည်။

သဘောတူညီမှု

တောင်ကိုရီးယားနှင့် အိန္ဒိယ နှစ်နိုင်ငံတို့သည် စီးပွားရေးမိတ်ဖက်နိုင်ငံများအဖြစ် သဘောတူညီမှု အများအပြားရှိခဲ့ကြကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။ **(အင်တာနက်)**

တရုတ်၌ ရေနံစိမ်းသန့်စင်မှု မေလအတွင်း စံချိန်တင်

ပေကျင်း ဇွန် ၂၃

တရုတ်နိုင်ငံ၌ ယခုနှစ်မေလအတွင်း ရေနံစိမ်းတန်ချိန် ၃၁ ဒသမ ၁၉သန်းကို သန့်စင်နိုင်ခဲ့ကြောင်း၊ ယင်းမှာ ယမန်နှစ် အလားတူကာလကထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခဲ့ရာ တရုတ်ရေနံစိမ်းသန့်စင်မှု၏ စံချိန်သစ်တစ်ရပ်ပင်ဖြစ်ကြောင်း တရုတ်ရေနံဓာတုလုပ်ငန်း (စီပီစီအိုင်အေ)က ပြောကြားသည်။

ထုတ်လုပ်

ရေနံသန့်စင်မှုများတွင် ဓာတ်ဆီ၊ ဒီဇယ်နှင့်ရေနံဆီတို့ အပါအဝင် စုစုပေါင်း တန်ချိန် ၁၉ ဒသမ ၃၄သန်း ထုတ်လုပ်နိုင်ခဲ့ရာ ယမန်နှစ် အလားတူကာလကထက် ၁၆ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း စီပီစီအိုင်အေက ဇွန် ၂၂ရက်၌ သတင်းထုတ်ပြန်သည်။

ကမ္ဘာ့စီးပွားရေး အကျပ်အတည်းများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ နေးကွေးနေရာမှ ယခုအခါ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်မြင့်တက်လာသဖြင့် ဈေးကွက်၌ ရေနံသုံးစွဲမှုမှာလည်း မြင့်တက်လာခဲ့သည်။ **(အင်တာနက်)**

ရထားနှစ်စင်းတိုက်

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ရထားနှစ်စင်းတိုက်မှု ဖြစ်ပွားခဲ့သည်ကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံအင်တာနက်)

ဝါရှင်တန်၌ရထားနှစ်စင်းတိုက်မိ ကိုးဦးသေဆုံး၊ ၇၀ကျော်ဒဏ်ရာရ

ဝါရှင်တန် ဇွန် ၂၃

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ဇွန် ၂၂ရက်က ရထားနှစ်စင်းတိုက်မိရာ ကိုးဦးသေဆုံးပြီး ၇၀ကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ယခုဖြစ်ပွားမှုမှာ အမေရိကန်မြေအောက်ရထားသမိုင်းတွင် မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရမှု အများဆုံးတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဝါရှင်တန်မြို့တော်ဝန်က ပြောကြားသည်။

ဝါရှင်တန်မြို့ အရှေ့မြောက်ဘက်ရှိ ဖော့ဒ်တော့တန်နှင့် တာကိုမာမီးရထားဘူတာနှစ်ခုအကြားတွင် ခရီးသည်အများဆုံးစီးချိန် ညနေ ၅ နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေး

ပထမရထားမှာ ပြေးလမ်းပေါ်တွင်ရပ်နားထားစဉ် အခြားရထားတစ်စင်းက နောက်မှဝင်တိုက်ခဲ့ခြင်းဖြစ်ရာ ရထားမောင်းသူမှာ သေဆုံးသွားခဲ့သည်။ ရထားနှစ်စင်းတိုက်မိသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယခုအချိန်၌ ရထားအတွင်း ပိတ်မိနေသူများအားကယ်ဆယ်ပြီး ဆေးရုံသို့တင်ပို့လျက်ရှိရာ ဆေးကုသမှုခံယူရန်လိုအပ်သူအားလုံးကို ဆေးဝါးကုသမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ဝါရှင်တန်မြေအောက်ရထားလုပ်ငန်း အထွေထွေမန်နေဂျာက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်ဝန်း၌ A(H1N1)တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၅၂၁၆၀ရှိ

ဂျီနီဗာ ဇွန် ၂၃

ကမ္ဘာတစ်ဝန်း၌ A (H1N1) တုပ်ကွေးရောဂါ ဖြစ်ပွားသူဦးရေ ၅၂၁၆၀ ရှိနေပြီဖြစ်ပြီး ယင်းရောဂါဖြင့်သေဆုံးသူ ၂၃၁ဦးရှိကြောင်း မေ ၂၂ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က သတင်းထုတ်ပြန်သည်။

ပြီးခဲ့သည့် သုံးရက်တာကာလအတွင်း ကမ္ဘာတစ်ဝန်း၌ A (H1N1) တုပ်ကွေးရောဂါ ထပ်မံဖြစ်ပွားသူ ၇၈၇၃ ဦးရှိပြီး ၅၁ ဦးသေဆုံးကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ကမ္ဘာတစ်ဝန်း၌ A (H1N1) တုပ်ကွေးရောဂါဖြစ်ပွားမှုအများဆုံးနိုင်ငံမှာ အမေရိကန် ၂၁၄၄၉ ဦးဖြစ်ပြီး၊ မက္ကဆီကို၌ ၇၆၂၄ဦး၊ ကနေဒါ၌ ၅၇၁၀၊ ချီလီ၌ ၄၃၁၅ ဦး၊ ဗြိတိန်၌ ၂၅၀၆ ဦး၊ ဩစတြေးလျ၌ ၂၄၃၆ ဦး၊ အာဂျင်တီးနား၌ ၁၀၁၀တို့ပါဝင်ပြီး ကျန်ရှိသူများမှာ အခြားသောနိုင်ငံများမှဖြစ်ကြောင်း ထပ်လောင်းပြောကြားသည်။

(အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်



ပျက်ကျခဲ့သော ပြင်သစ်ခရီးသည်လေယာဉ် သေတ္တာနက်မှအချက်ပြမှုရရှိ

ဇွန် ၁ရက်က အတ္တလန္တိတ်သမုဒ္ဒရာအတွင်းပျက်ကျခဲ့သော ပြင်သစ်ခရီးသည်တင်လေယာဉ်၏ လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်သည့် သေတ္တာနက်မှ အလွန်အားနည်းနေပြီဖြစ်သော အချက်ပြမှုကို ပြင်သစ်ရေငုပ်သင်္ဘောတစ်စင်းမှ ဇွန် ၂၃ရက် နံနက်က ဖမ်းယူရရှိပြီဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ **(အပေါ်ပုံ)**

ဂျပန်အရှေ့မြောက်ပိုင်း၌ လျှင်လှုပ်

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ တိုဟိုကူဒေသတွင် ဇွန် ၂၃ရက် ညနေ ၄နာရီ ၃၇မိနစ်က ရစ်ချ်တာစကေး ၅ဒသမ၅ရှိ ငလျင်လှုပ်ခဲ့ရာ တိုဟိုကူဒေသရှိ အိုဝါတီနှင့် မီယာဂီမြို့များတွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ပြီး ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း ဂျပန်အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်း

ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ ကျဆင်းလျက်ရှိရာ ဇွန် ၂၃ရက်က အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၆၇ဒေါ်လာအထိ ကျဆင်းခဲ့ကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)မှ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုမြောက်ပိုင်း၌ရေလွှမ်း

မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာပြည်နယ်တွင် ဇွန် ၂၃ရက် နံနက်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၀ဦးပျောက်ဆုံးလျက်ရှိကြောင်း မက္ကဆီကိုနိုင်ငံ မိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှုဖြစ်ပွား

တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဒီဂျီစီရင်စုတွင် ဇွန် ၂၃ ရက်က တောင်ပေါ်မှ မြေစိုင်ခဲကြီးများပြိုကျခဲ့သဖြင့် ၁၀ ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးလျက်ရှိကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

ကူဝိတ်၌ A(H1N1)တုပ်ကွေးဖြစ်ပွားသူ ၁၀ ဦးရှိနေ

ကူဝိတ်နိုင်ငံ ကူဝိတ်စီးတီးမြို့တွင် ဇွန် ၂၃ရက်က A(H1N1)တုပ်ကွေးဖြစ်ပွားသူတစ်ဦးကို ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ကူဝိတ်၌ ယင်းတုပ်ကွေးဖြစ်ပွားသူဦးရေ စုစုပေါင်း ၁၀ ဦးရှိပြီဖြစ်ကြောင်း ကူဝိတ်ကျန်းမာရေးအရာရှိများက ပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ဒုံးကျည်ဖြင့်ပစ်ခတ်ခံရ

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ်တောင်ပိုင်းရှိ လာဒဟာကျေးရွာတွင် ဇွန်၂၃ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်ဖြင့်ပစ်ခတ်မှုကြောင့် ရွာသားခြောက်ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**



မြစ်ကြမ်းပြင်ဖြတ် ဥမင်လိုဏ်ခေါင်း တရုတ်၌ဖောက်လုပ်မှုပြီးစီး

တရုတ်နိုင်ငံ ဟွမ်ပူမြစ်ကြမ်းပြင်အောက်ကိုဖြတ်၍ ဖောက်လုပ်လျက်ရှိသော အရှည် ၂၂၅၄ မီတာရှိသည့် ဥမင်လိုဏ်ခေါင်းမှာ ဇွန် ၂၃ရက်၌ ဖောက်လုပ်မှုပြီးစီးခဲ့ပြီဖြစ်ကြောင်း တရုတ်အင်ဂျင်နီယာများက ပြောကြားသည်။ **(အောက်ပုံ)**

ဖိလစ်ပိုင်အရှေ့ဘက်ကမ်းရိုးတန်းသို့ မုန်တိုင်းတိုက်ခတ်

ဖိလစ်ပိုင်နိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်းဒေသများသို့ ဇွန်၂၃ရက်က တစ်နာရီလျှင် ၇၅ ကီလိုမီတာနှုန်း မုန်တိုင်းတိုက်ခတ်သွားကြောင်း၊ ယင်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ အနောက်မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများသို့ ရွေ့လျားသွားကြောင်း၊ ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့ကြောင်း ဖိလစ်ပိုင်မိုးလေဝသအရာရှိများက ပြောကြားသည်။

အိန္ဒိယအလယ်ပိုင်း ဘီဟာပြည်နယ်၌ ဆက်သွယ်ရေးတာဝါတိုင်ပြိုလဲ

အိန္ဒိယနိုင်ငံအလယ်ပိုင်း ဘီဟာပြည်နယ်တွင် ဇွန် ၂၃ရက်က လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဆက်သွယ်ရေးတာဝါတိုင်တစ်တိုင်ကို ဖုံးခွဲခဲ့သဖြင့် တာဝါတိုင်ပြိုလဲပျက်စီးခဲ့ကြောင်း အိန္ဒိယအရာရှိများက ပြောကြားသည်။

24-6 (05).pmd 1 6/24/2009, 2:43 AM

တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲ တက်ရောက်

နေပြည်တော် ဇွန် ၂၃

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ဇွန် ၁၉ရက် နံနက် ၈နာရီက နေပြည်တော်ခရိုင် ရေဆင်းကျေးရွာ အမှတ်(၁၇) အခြေခံပညာမူလတန်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် ကျောင်းဆောင်သစ် အလှူရှင် ဦးသိန်းတန်က ကျောင်းဆောင်သစ် လှူဒါန်းရခြင်း၏အကြောင်းရင်းကို ပြောကြားပြီး အလှူရှင်က ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဂုဏ်ပြုငွေများပေးအပ်

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်နှင့် စာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး **(အပေါ်ပုံ)** အခမ်းအနားသို့ တက်ရောက်ဖျော်ဖြေသည့် ဘင်ခရာအကအဖွဲ့ကိုယ်စား ဆရာမတစ်ဦးထံ ဂုဏ်ပြုငွေများ ပေးအပ်သည်။

ကုန်ကျငွေ

အဆိုပါ ဆောက်လုပ်လှူဒါန်းသည့် ရေဆင်းကျေးရွာ အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်၏ စုစုပေါင်း ကုန်ကျငွေမှာ ငွေကျပ် ၁၈၆သိန်း ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ရူပဗေဒကျောင်းသားဟောင်း ပတ္တမြားရတု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒ အဓိကဖြင့် ၁၉၆၅ မှ ၁၉၆၉ ခုနှစ်အတွင်း ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ ပတ္တမြားရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် သူငယ်ချင်းများ ပြန်လည်ဆုံတွေ့ပွဲကို လာမည့် ဩဂုတ် ၂ ရက် (တနင်္ဂနွေနေ့) တွင် ရန်ကုန်မြို့ ပြည်လမ်း International Business Centre၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်း ဆင်နွှဲနိုင်ရန် ဦးခင်မောင်ဦး ဖုန်း-၆၆၀၉၀၈၊ဦးဆန်နီစိန်ရိုး ဖုန်း-၅၇၂၅၇၃၊ ဒေါ်ငွေငွေ ဖုန်း-၅၂၆၃၈၁၊ ဒေါ်ခင်မေစိုး ဖုန်း-၅၃၅၉၄၇နှင့် ဦးဝတင့် ဖုန်း-၂၀၅၁၅၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။(မြန်မာ့အလင်း)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဒုတိယဝန်ကြီးဦးမောင်မြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘယ်လ်ဂျီယံနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၂၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ပဆက်ဆံရေးဆိုင်ရာ အီးယူကော်မရှင်နာ မစ္စဘန်နီတာ ဖာရီရိုဝယ်လ်ဒနာနှင့် စွမ်းအင်ဆိုင်ရာ အီးယူကော်မရှင်နာ မစ္စတာအန်ဒရစ်စ်ပိုင်ဘယ်ဂ်စ်တို့၏ ဖိတ်ကြားချက်အရ ဇွန် ၁၇ရက်နှင့် ၁၈ရက်တို့တွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပကော်မရှင် ဌာနချုပ်၌ ကျင်းပခဲ့သည့် အာရှ-ဥရောပ(အေဆမ်)၏ စွမ်းအင်လုံခြုံရေးဆိုင်ရာ ဝန်ကြီးအဆင့် ကွန်ဖရင့်သို့ တက်ရောက်ခဲ့ပြီးနောက် **(အပေါ်ပုံ)** ဇွန်၂၁ရက်တွင် လေကြောင်းဖြင့် ပြန်လည်ရောက်ရှိလာသည်။

အေဆမ်စွမ်းအင်လုံခြုံရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ၂၀၀၈ခုနှစ် အောက်တိုဘာ ၂၄ရက်နှင့် ၂၅ရက်တို့တွင် ကျင်းပခဲ့သည့် သတ္တမအကြိမ်မြောက် အေဆမ် ထိပ်သီးအစည်းအဝေး၏ သဘောတူ ဆုံးဖြတ်ချက်အရ အေဆမ်စွမ်းအင်လုံခြုံရေး ဝန်ကြီးအဆင့် အစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၀၅ခုနှစ်တွင် အေဆမ်အဖွဲ့ဝင်ဖြစ်လာပြီးနောက် အေဆမ်ဆိုင်ရာ အစည်းအဝေးများကို ပါဝင်တက်ရောက်ခဲ့သည်။ ယခုအခါ အေဆမ်တွင် အာရှဒေသမှ ၁၆နိုင်ငံ၊ ဥရောပဒေသမှ ၂၇နိုင်ငံ၊ ဥရောပကော်မရှင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ပါဝင်ပြီး စုစုပေါင်း အဖွဲ့ဝင် ၄၅ဦး ရှိသည်။

ညှိနှိုင်းဆွေးနွေး

ယခု အေဆမ် စွမ်းအင်လုံခြုံရေး ဝန်ကြီးအဆင့် ကွန်ဖရင့်တွင် စွမ်းအင်လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများ၊ ကမ္ဘာ့စွမ်းအင်လိုအပ်မှု၊ လောင်စာဆီဈေးနှုန်းပြဿနာ၊ စွမ်းအင်နည်းပညာဆိုင်ရာတို့နှင့်စပ်လျဉ်း၍ အာရှနိုင်ငံများနှင့် အီးယူနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ကွန်ဖရင့်တက်ရောက်ခဲ့ပြီးနောက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ခေတ္တရပ်နားစဉ် ဇွန်၂၀ရက်တွင် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖိုင်သွန်ကေအိုသွန်နှင့် တွေ့ဆုံကာ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအား တရားဝင် အလုပ်သမားအဆင့် ရရှိလာစေရေးနှင့် မြန်မာအလုပ်သမားအသစ်များအား ထိုင်းနိုင်ငံသို့တရားဝင်ပို့ဆောင်ရေး လက်တွေ့အကောင်အထည်ဖော်ရန်ကိစ္စတို့ကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

လိုက်ပါ

ဒုတိယဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်တို့ ပြန်လည် လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၍

မှူးယစ်ဆန့်ကျင် အောင်ပွဲဆင်

လူ့နွယ်ဆက်ထုံး၊ ပျက်၍ ပြုန်းအောင်
ညှွန့်တုံးဘဝ၊ သုံးမရအောင်
အလှမဝေ၊ ဘဝကြေအောင်
မပြေအာသာ၊ ဆာထက်ဆာအောင်
ကမ္ဘာအနှံ့၊ ပြန့်ထက်ပြန့်အောင်
ဖြန့်သူလူယုတ်၊ ထုတ်သူလူညစ်
မူးယစ်သုံးစား၊ မေိုက်သားနှင့်
ဖောက်ကားရောင်းဝယ်၊ ယှက်လှယ်သယ်ပိုး
'နံပါတ်ဖိုး'တက်၊ 'တက်ပလက်'မှ
အဆိုးတွေစုံ၊ ငရဲဘုံဆောက်
ကြောက်လောက်အောင်ကြံ၊ မူးယစ်ရန်ကို
တစ်ဆံချည်မျှ၊ မရှိရအောင်
ညီကြကြံကြ၊ ဆောင်ရွက်ကြစို့
အမှိုက်ကစ၊ ပြာသာဒ်မီးလောင်
မူးယစ်ဆေးကိုဝေးဝေးရှောင်။ ။

မေယုမောင်

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၂၃

ဝိုင်အမ်ဘီအေအသင်း နှစ်ပတ်လည်စည်းဝေးမည်

ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး (YMBA)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇွန်၂၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အမှတ်၇၇ ရေကျော်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ရှိ အဆိုပါအသင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ဝက်ဘ်ဆိုက် ပြုလုပ်ပုံ ဟောပြောမည်

သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ဝက်ဘ်ဆိုက်တစ်ခုကို မည်ကဲ့သို့ အောင်မြင်စေရန် ပြုလုပ်သင့်ကြောင်း ရည်ရွယ်ပြီး ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင် အခန်း၂၀၅တွင် ဇွန်၂၇ရက် မွန်းလွဲ၁နာရီ၌ ဦးဝေဖြိုးထွတ်က How to Develop Successful Website ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို ဆွေးနွေးနိုင်ပြီး ကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း ၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်နိုင်သည်။

ကနောင်အသင်း စုပေါင်းကုသိုလ်ပြုလှူဒါန်းပွဲ

ကနောင်အသင်း(ရန်ကုန်)၏ စုပေါင်းကုသိုလ်ပြု လှူဒါန်းပွဲကို ဇူလိုင်၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် နှစ်စဉ်ကျင်းပနေကျနေရာ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် မြို့နယ်သူမြို့နယ်သားများ တက်ရောက်ရန် နှိုးဆော်ထားပြီး လှူဒါန်းလိုပါက ဖုန်း-၂၉၂၂၁၃၊ ၅၈၀၃၆၀၊ ၀၉-၅၁-၈၇၇၈၀၊ ၅၈၀၇၈၈နှင့် ၇၀၈၃၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ကျင်းပမည်

မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ ကြီးမှူးကျင်းပသော ပထမအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲကို ဇွန်၂၆ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ် နံနက်၉နာရီမှ ညနေ၅နာရီအထိ ပြသသွားမည်ဖြစ်သည်။

ကံမမြို့နယ်အသင်း နှစ်ပတ်လည် အစည်းအဝေး

ကံမမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၁၁ရက် (စနေနေ့) နံနက်၈နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်းရှိ မဟာပုညောပကာရမွှော်ရုံ၌ ကျင်းပမည်ဖြစ်ရာ အသက်၇၀ပြည့် အသင်းဝင်များနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ အသင်းဝင်သားသမီးစာရင်းတို့ကို ကြိုတင်ပေးပို့ရန်နှင့် အလှူငွေများကို ဖုန်း-၅၉၁၅၂၉၊ ၀၉-၅၀-၆၆၃၈၉နှင့် ၅၀၄၉၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ရောင်စဉ်လှိုင်း ပန်းချီပြပွဲခင်းကျင်းပြသ

ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ပန်းချီပြခန်းတွင် ပဥ္စမအကြိမ် ရောင်စဉ်လှိုင်းပန်းချီပြပွဲကို ဇွန်၂၀ရက်က ပြသလျက်ရှိရာ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ် လက်ရာကောင်းများ ပါဝင်ပြီး ဇွန်၂၅ရက် နံနက်၉နာရီမှ ညနေ၅နာရီအထိ ပြသထားမည်ဖြစ်သည်။

ဒီရေတောစာအုပ် လှူဒါန်းလိုက ကျေးရွာအရောက်ပေးပို့မည်

မြန်မာ့ဒီရေတောပေါက်ပင်များနှင့်ပတ်သက်၍ စိုက်ပျိုးရေးလမ်းညွှန်စာအုပ်ကို ဝယ်ယူကာ လှူဒါန်းလိုပါက ပေးပို့လိုသည့်ကျေးရွာအထိအရောက် ကူညီပေးသွားမည်ဟု မင်္ဂလာမြန်မာအဖွဲ့က ပြောကြားသည်။ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်း၊ ရခိုင်ပြည်နယ်ဒေသအတွင်းရှိ ကျေးရွာများသို့ အရောက်ပေးပို့မည်ဖြစ်ပြီး စာအုပ်နှင့်ပတ်သက်၍ ဆက်သွယ်လိုပါက ဖုန်း-၀၁-၅၄၄၄၈၂သို့ မေးမြန်းနိုင်ကြောင်းသိရသည်။

ဆိုးဆေးပါသော စားသောက်ကုန် ဆက်လက်စစ်ဆေး

ရန်ကုန်ဈေးကွက်နှင့် ပြည်နယ်နှင့်တိုင်းများရှိ စားသောက်ကုန်ဈေးကွက်များမှ နမူနာပေးပို့သော စားသောက်ကုန်များတွင် စားသုံးရန်မသင့်သော ဓာတုဆိုးဆေးများ သုံးထားခြင်းရှိ မရှိ စစ်ဆေးမှုကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ စစ်ဆေးတွေ့ရှိပါက ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်းကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ကြားသိရသည်။

မျက်မမြင်စစ်တုရင်ပြိုင်ပွဲ ရက်ရွှေ့ကျင်းပမည်

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်နှင့် မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် မသန်စွမ်း မျက်မမြင်စစ်တုရင်ပြိုင်ပွဲကို ဇွန်၂၈ရက်သို့ ပြောင်းရွှေ့ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ -ဝင်းကျော်

မြန်မာနိုင်ငံပြင်ပ၌ အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်

နေပြည်တော် ဇွန် ၂၃

ဇွန်၂၃ရက် မြန်မာစံတော်ချိန် နံနက် ၅နာရီ ၄၂မိနစ် ၂၃စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၃၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ကပ္ပလီပင်လယ်ပြင်တစ်နေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ဒသမ ဝအဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

● *ကျော်ဖုံးမှ*

စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်နေပုံများ ကြားသိရသဖြင့် ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စိုး၊ ဦးစီးအရာရှိ ဦးအောင်ကြည်တို့နှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

"ပဲခူးရိုးမ အရှေ့ဘက်ခြမ်းရှိ ရေလှောင်တမံများမှ ပိုလျှံရေများနှင့် အသစ်တည်ဆောက်မည့် ရေလှောင်တမံ

"၂၀၀၉-၂၀၁၀ ခုနှစ်မှာ စီမံကိန်းတစ်ခုလုံး ပြီးစီးမှာဖြစ်ပါတယ်"

ဦးအောင်ကြည်
ဦးစီးအရာရှိ
တည်ဆောက်ရေး(၆)

မှရေများကို ပဲခူးမြစ်နှင့် စစ်တောင်းမြစ် နှစ်စင်းကို ဆက်သွယ်ဖောက်လုပ်ထားသည့် အရှည် ၃၇ဒသမ၇၀မိုင်ရှိ ပဲခူး-စစ်တောင်းတူးမြောင်းသို့ သွယ်ယူပြီး ယင်းမှတစ်ဆင့် ရန်ကုန်တိုင်း ခရမ်းချောင်းအထိ တူးမြောင်းသစ်ဖောက်ကာ ရေသွယ်ယူမည်ဖြစ်ကြောင်း၊ ပထဝီအနေထားအရ ပဲခူးမြစ် အရှေ့ခြမ်းသည် မြေနိမ့်လွင်ပြင်ဧရိယာများဖြစ်ပြီး ပျမ်းမျှမြေပြင်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၃ပေခန့်သာရှိသဖြင့် ဆည်တမံများ တည်ဆောက်နိုင်ခြင်း မရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ပဲခူးမြစ် အရှေ့ဘက်ခြမ်း စိုက်ပျိုးရေရရှိရေးအတွက် လိုအပ်သောရေများကို ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ဖြည့်ပေးခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းအတွက် စိုက်ဧက ၁၀၀၀၀နှင့် ရန်ကုန်တိုင်းအတွက် စိုက်ဧက ၅၅၀၀၀ စုစုပေါင်းစိုက်ဧက ၆၅၀၀၀အတွက် စိုက်ပျိုးရေ ဧကပေ ၃၀၀၀၀၀ကျော် လိုအပ်လျက်ရှိပါကြောင်း" ဖြင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

လုပ်ငန်းသုံးသွယ်

လတ်တလော လုပ်ငန်းသုံးသွယ်ဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းနှင့် စိုက်ပျိုးရေ ရရှိအောင် ဆောင်ရွက်ထားပုံများကို ဆက်လက်ရှင်းပြရာတွင် "လုပ်ငန်းသွယ်(၁) အနေဖြင့် ပဲခူးတိုင်းအတွင်းရှိ တည်ဆောက်ပြီးဖြစ်သော ကောလိယ၊ ဘိုင်းဒါး၊ ဘောနီ ရေလှောင်တမံသုံးခုမှ ပိုလျှံသည့် ရေပမာဏ ဧကပေ၁၇၀၀၀ကို နဂါးပေါက်ရေထိန်းတံခါးနှင့် ပဂိုင်တာရေသွင်းတံခါးတို့မှ ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ရေဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းသွယ်(၂)မှာ တည်ဆောက်ပြီး ဝါးကတုတ် ရေလှောင်တမံမှ နှစ်စဉ် စီးဝင်ရေ ဧကပေ ၃၂၀၀၀ခန့် ကို မိုးယွန်းကြီးအင်းသို့ ဖြည့်ပေးပြီး ထိုမှတစ်ဆင့် ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ရေဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းသွယ်(၃)မှာ တည်ဆောက်ဆဲ၊ တည်ဆောက်မည့် ရေလှောင်တမံသုံးခုဖြစ်သော စလူ၊ ရွှေလောင်း၊ဇာမရီ(ကိုဒူကွဲ)တို့မှ သိုလှောင်ရေများကို ဖောင်းတူရေလွှဲဆည်သို့ ပို့လွှတ်ပြီး ပိုလျှံရေ ဧကပေ ၁၅၀၀၀နှင့်ပေါင်းပြီး ပဲခူး-စစ်တောင်းတူးမြောင်းအတွင်း ရေဖြည့်ပေးမည်ဖြစ်ရာ နှစ်စဉ် ပျမ်းမျှ စီးဝင်ရေ ဧကပေ ၃၇၀၇၀၀ ရှိလာမည် ဖြစ်၍ ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက် လိုအပ်သောစိုက်ပျိုးရေ ဧကပေ ၃၀၀၀၀၀ ကို လုံလောက်စွာ ရရှိစေမည်ဖြစ်ကြောင်း" ဖြင့် ရှင်းပြသည်။

တူးမြောင်းအတွင်း

ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းမှ ရေများကို ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် (အရှေ့ခြမ်း)သို့ မည်သို့မည်ပုံ ဖြန့်ဝေပေးနိုင်ခြင်းကို ရှင်းလင်းပြောကြားရာတွင်- "သနပ်ပင်မြို့ အနီး ပဲခူး - စစ်တောင်း

စိမ်းလန်းစိုပြည်ရေး စီမံကိန်း တူးမြောင်းကြီးကို သက္ကလ-ခရမ်း လမ်းအပိုင်းတွင် ဤသို့ စက်ယန္တရားကြီးများဖြင့် တူးမြောင်းလုပ်ငန်း ဆောင်ရွက်နေသည်။ (မြန်မာ့အလင်း)



"ပဲခူး-စစ်တောင်း တူးမြောင်းမှ ရေများကို ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှ တစ်ဆင့် ရန်ကုန်တိုင်း ခရမ်းချောင်းအထိ တူးမြောင်းသစ်ဖောက်ကာ ရေသွယ်ယူမှာ ဖြစ်ပါတယ်"

ဦးကျော်စိုး (လက်ထောက်ညွှန်ကြားရေးမှူး)
တည်ဆောက်ရေး(၆)

တူးမြောင်းပေါ်ရှိ တည်ဆောက်ပြီး ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှ အရှည် ၂၈ဒသမ ၄၁မိုင်ရှည် တူးမြောင်းကြီးကို ခရမ်းချောင်းအထိ တူးဖော်နေသည်မှာ ရာခိုင်နှုန်း၉၀ ပြီးစီးနေပြီဖြစ်ကြောင်း၊ ခရမ်းချောင်းအတွင်းသို့ တူးမြောင်းသစ်ကြီးမှရေချပေးပြီး ရေပေးဝေမည် ဖြစ်ကြောင်း၊ တည်ဆောက်ပြီး ခရမ်းရေထိန်းတံခါးမှ ရေထိန်းကာ ပုဂံတောင်ရေတံခါး၊ လှဘီလူးရေသွင်းတံခါး၊ ကျုံတုရေသွင်းတံခါးတို့မှတစ်ဆင့် ဘောချောင်းသို့ ရေသွင်းပြီး ရန်ကုန်မြို့ မိုင်(၃၀)ဧရိယာဖြစ်သည့် သုံးခွ၊ သန်လျင်နှင့် ကျောက်တန်းမြို့နယ်များသို့ စိုက်ပျိုးရေပေးဝေမှာဖြစ်ကြောင်း၊ ပဲခူးမြစ်ဘေး တစ်လျှောက်တွင်လည်း ရေငန်မဝင်နိုင်ရန် တာဝရေထိန်းတံခါး၊ပိုင်ကျုံရေထိန်းတံခါး၊ ရွှေလှေရေထိန်းတံခါး၊ ခရမ်းရေထိန်းတံခါးများက တားဆီးပြီး ရေချိုများ ထိန်းသိမ်းပေးနေပြီဖြစ်ကြောင်း" ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးအောင်ကြည်က "မိုင်(၃၀) ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတူးမြောင်း အလျား ၂၈ဒသမ၄၁မိုင်ရှည်ကို ၂၀၀၃-၂၀၀၄မှ စက်ယန္တရားများဖြင့် စတင် တူးဖော်လာခဲ့ရာ ယခုအခါ ရာခိုင်နှုန်း၉၀ ပြီးစီးနေပြီဖြစ်ကြောင်း၊ မြေသားတူးမြောင်း ဖြစ်ပြီး အောက်ခြေအကျယ် ပေ ၅၀၊ အနက် ခုနစ်ပေမှ ၁၄ပေအထိရှိကြောင်း၊ အတွင်းလမ်းကြောင်းအဖြစ် ပုဂံ-ညောင်ပင် ကျေးရွာမှ သက္ကလအထိ ၁၉ဒသမ၈၉မိုင် ရှည်လျားပြီး အပြင်လမ်းကြောင်းအဖြစ် သက္ကလမှ ခရမ်းမြို့အထိ ၈ဒသမ ၅၂မိုင် ရှည်လျားကြောင်း၊ တူးမြောင်းဖြတ်တံတားခုနစ်စင်း တည်ဆောက်ရမည်ဖြစ်ရာ ခြောက်စင်း တည်ဆောက်ပြီးဖြစ်ကြောင်း၊ ရေထိန်းရေကျ အဆောက်အအုံတစ်ခုလည်း ဆောက်လုပ်ပြီးစီးပြီဖြစ်ကြောင်း၊ စီမံကိန်း လျာထားချက် ၂၀၀၉-၂၀၁၀တွင် စီမံကိန်းတစ်ခုလုံး ပြီးစီးမည်ဖြစ်ကြောင်း" ဖြင့် ရှင်းပြပြောကြားသည်။

ငါးမွေးကန်

တူးမြောင်းဘေးနှင့် ခရမ်းချောင်းဘေးတို့တွင် ငါးမွေးမြူရေးကန်များ အများအပြားပေါ်ထွက်လာသည်ကို တွေ့မြင်ရသည်။ ရေထိန်းတံခါးတည်ဆောက်ပေးထားမှုကြောင့် ရေပိုရေလျှံများ ထုတ်ပေးနိုင်၍ ရေကြီးရေနက်ကွင်းများတွင် ယခင်ကစိုက်ပြီး မိုးစပါးများ ရေနစ်မြုပ်မှုကြောင့် နှစ်ကြိမ် သုံးကြိမ် ပြန်လည်စိုက်ပျိုးခဲ့ရရာမှ ယခုအခါ တစ်ကြိမ်တည်းဖြင့် အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။ ရေငန်ကို မဝင်အောင်တားပြီး ရေချိုများ ထိန်းသိမ်းထားကာ လိုအပ်ချိန်တွင် လိုအပ်သလို ပေးဝေနိုင်မှုကြောင့် မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများပါ စိုက်ပျိုးထုတ်လုပ်နိုင်ပြီဖြစ်သည်။

စိမ်းလန်းစိုပြည်ရေး စီမံကိန်း တူးမြောင်းကြီးပေါ်ထွန်းလာပြီး စိုက်ပျိုးရေများ အပြည့်အဝရရှိလာသဖြင့် ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် (အရှေ့ခြမ်း)မှာ မိုးရာသီ ကာလတွင်းတွင် မိုးစပါး စိုက်ပျိုးခြင်းဖြင့် စိမ်းလန်းစိုပြည်သကဲ့သို့ ခြောက်သွေ့ရာသီကာလ နွေရာသီနှင့် ဆောင်းရာသီတို့တွင်လည်း နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးခြင်းဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်မှု ရှိလာပေပြီ။ ဝမ်းစာလည်းဝ၍ နိုင်ငံအလှတန်ဆောင်လည်းဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာဖော်ပြလိုက် ပါသည်။ ။

(မြန်မာ့အလင်း)

ပုဂံ-ညောင်ပင် ရေလွှဲပေါက်

ရေလွှဲပေါက် ၃၅ ပေါက် ပါဝင်သည့် ပုဂံ-ညောင်ပင် ရေလွှဲပေါက်ကို ပဲခူး-စစ်တောင်း တူးမြောင်းဘက်မှ တွေ့ရပုံ။

(မြန်မာ့အလင်း)

တည်ဆောက်ရမည့် တူးမြောင်းဖြတ်တံတား ခုနစ်ခုအနက် ခြောက်ခု တည်ဆောက်ပြီးဖြစ်ရာ ၂၀၀၈ခုနှစ်က တည်ဆောက်ပြီးဖြစ်သော ခရမ်းမြို့နယ်မှ သက္ကယ်ကုန်း တူးမြောင်းဖြတ်တံတားကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ပုသိမ် မှန်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

● *ရှေ့စာမျက်နှာမှ*

စနစ်တကျဖြန့်ဝေ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် အနောက်တောင်တိုင်းစစ်ဌာနချုပ်သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ကျေးရွာများသို့ ဖြန့်ဝေပေးမည့် ကူဘိုတာလက်တွန်း လယ်ထွန်စက်များ၊ ငှင်းနှင့် တွဲဖက်အသုံးပြုရန် စက်တုန်းများ၊ ထယ်သွားများ၊ အနိမ့်တင် ရေတင်စက်များနှင့် ကျေးရွာမီးလင်းရေးအတွက် ဖြန့်ဝေပေးမည့် ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ စနစ်တကျဖြန့်ဝေပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ လိုက်ပါလျက် ပုသိမ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ လပွတ္တာမြို့ (၃)မိုင်စခန်းရှိ လပွတ္တာမြို့ ကွက်သစ်စီမံကိန်းသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာမြို့ ကွက်သစ်စီမံကိန်း၌ ခုတင်(၂၀၀)ဆံ့ ဆေးရုံဆောက်လုပ်မှု၊ လမ်းများဖောက်လုပ်ပြီးစီးမှု၊ ရေဂါလန်သန်း ၁၈၀ဆံ့ ရေကန်တည်ဆောက်မှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ခုတင်(၂၀၀)ဆံ့ ဆေးရုံတည်ဆောက်ရန် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ)က မြေကွက်များ ဖော်ထုတ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်ပြီးစီးမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ရွှေမြစ်တွင် ဆိပ်ခံတံတားတည်ဆောက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြို့ကွက်သစ်တွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လပွတ္တာမြို့ ကွက်သစ်အတွင်း လမ်းများ ဖောက်လုပ်ပြီးစီးမှု၊ မြေကွက်များ ဖော်ထုတ်ပြီးစီးမှု၊ ရဲစခန်းအဆောက်အအုံ ဆောက်လုပ်နေမှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

တက်ရောက်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ လပွတ္တာမြို့ ရွှေနဒီခန်းမသို့ သွားရောက်ပြီး လပွတ္တာမြို့နယ်အတွင်း အသစ်တည်ဆောက်ပြီးစီးသော အခြေခံပညာကျောင်း ၆၀ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က လပွတ္တာခရိုင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ စာသင်ကျောင်းများ ဆောက်လုပ်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက လပွတ္တာမြို့နယ်တွင် နာဂစ်မုန်တိုင်းကာလအတွင်း ပျက်စီးသွားသည့် စာသင်ကျောင်းများ တည်ဆောက်ပြီးစီးသွားမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လွှဲပြောင်းပေးအပ်

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းထံ Trust & Gain ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကြည်ထွန်းက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၄ကျောင်း၊ မြန်မာ့အလှဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ခိုင်က ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၁ကျောင်း၊ ဝါဝါဝင်းဆောက်လုပ်ရေးကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးရွှေတိုင်က ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၀ကျောင်း၊ ရွှေကမ္ဘာဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးသန်းစိုးက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ၁၀ကျောင်း၊ မင်းဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဟန်ကြည်က ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ရှစ်ကျောင်း၊ မြနန္ဒာဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးသောင်းဦးက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း ငါးကျောင်း၊ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးခင်မောင်ထွန်းက ဆောက်လုပ်ပြီးစီးသွားသော တစ္ဆေငူကျေးရွာ အခြေခံပညာကျောင်း တစ်ကျောင်း၊ ဆောင်းဟေမာန်ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးအေးလွင်က ဆောက်လုပ်ပြီးစီးသွားသော လေယာဉ်ကွင်းကျေးရွာမှ အခြေခံပညာကျောင်း တစ်ကျောင်းနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ဆောက်လုပ်ပြီးစီးသွားသော အခြေခံပညာကျောင်း၆၀ နှင့်သက်ဆိုင်သည့်စာရွက်၊ စာတမ်းများကိုလည်းကောင်း၊ အခြေခံပညာကျောင်းများအတွက်လှူဒါန်းသော ဗလာစာအုပ်များကိုလည်းကောင်း လပွတ္တာမြို့နယ် ပညာရေးမှူး ဦးဝင်းမောင်သို့ ထပ်ဆင့်၍ လွှဲပြောင်းပေးအပ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ ကျေးရွာများသို့ ဖြန့်ဝေပေးမည့် ကူဘိုတာလက်တွန်းလယ်ထွန်စက်များ၊ ငှင်းနှင့် တွဲဖက်အသုံးပြုရန် စက်တုန်းများ၊ ထယ်သွားများ၊ အနိမ့်တင် ရေတင်စက်များကို တွေ့ရစဉ်။
(သတင်းစဉ်)

ကျေးရွာများသို့ ကူဘိုတာ လက်တွန်း လယ်ထွန်စက်များ၊ ၄င်းနှင့် တွဲဖက်အသုံးပြုရန် စက်တန်းများ၊ ထယ်သွားများ၊ အနိမ့်တင်ရေတင်စက်များနှင့် ကျေးရွာ မီးလင်းရေးအတွက် ဖြန့်ဝေပေးမည့် ပစ္စည်းများကို စနစ်တကျ ဖြန့်ဝေပေး။

ပေးအပ်လှူဒါန်း

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက မိုးရာသီတွင် အိမ်ထောင်စုအလိုက် စိုက်ပျိုးရန် သီးနှံမျိုးစေ့များကို လပွတ္တာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က နာဂစ်မုန်တိုင်း တိုက်ခတ်ခဲ့စဉ်က ပျက်စီးသွားသည့် အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှုအခြေအနေ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးမှုအခြေအနေ၊ သဘာဝဘေးဒဏ် ကာကွယ်ရေးအတွက် လမ်းကွန်ရက်များ ဖောက်လုပ်ပြီးစီးမှုအခြေအနေနှင့် Cyclone Shelter များ တည်ဆောက်နေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားပြီး နိုင်ငံတော်၏ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရာတွင် ပြည်သူများအပိုင်းမှလည်း နိုင်ငံတော်အစိုးရနှင့်အတူ ဦးထမ်းပွဲထမ်း ပါဝင်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

တည်ဆောက်ပြီးစီး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်ဧည့်ရိပ်သာသို့ ရောက်ရှိကြပြီး ဧည့်ရိပ်သာခန်းမ၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မက်စ်မြန်မာကုမ္ပဏီ၊ အေဝမ်းကုမ္ပဏီ၊ ဧရာရွှေဝါကုမ္ပဏီ၊ ဝါဝါဝင်းကုမ္ပဏီ၊ တီဇက်တီအမ်ကုမ္ပဏီ၊ မိုးကြယ်စင်ကုမ္ပဏီ၊ မြတ်နိုးသူကုမ္ပဏီများက ဧရာဝတီတိုင်း လပွတ္တာမြို့နယ်အတွင်း Cyclone Shelter များ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက အသက်ကယ်ကုန်းမြင့်များ တည်ဆောက်ပြီးစီးမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြသည်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ (၃)မိုင်စခန်းအနီး အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောက်လုပ်လျက်ရှိသော (၆၆)ကေဗွီဓာတ်အားခွဲရုံသို့ ရောက်ရှိကြရာ ဒုတိယအင်ဂျင်နီယာချုပ် ဦးသိန်းလှိုင်က မြောင်းမြဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်အားခွဲရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ ပုသိမ်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ပုသိမ်မှန်စက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၆-၂၀၀၉ ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အဆိုပြိုင်ပွဲ
- ၈:၀၅ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၆။ ကညင်ကဒ္ဒပ္ပနရေထိန်းတံခါး
- ၈:၃၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၄၀ ၉။ International News
- ၈:၅၀ ၁၀။ **ချစ်သောမြေ ချစ်သောရေ**
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ သီချင်းကြီးပဒေသာ
- ၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅:၂၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၃၀ ၉။ ထူးချွန်အားထား မြန်မာအမျိုးသမီးများ (အပိုင်း-၁)
- ၅:၄၅ ၁၀။ စုပါတေးသံရှင်ရွေးချယ်ပွဲ
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆:၅၅ ၁၄။ ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
- ၇:၃၀ ၁၅။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ရုပ်မြင်သံကြားဇာတ်လမ်း **ထိချက်မှန်သောမြားတစ်စင်း** ဇော်ဝမ်း၊ ထွန်းထွန်း၊ နဝရတ် (ဒါရိုက်တာ-မျိုးအေး)
- ၂၀။ အစီအစဉ်ပြီး၏။

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဝန်ထမ်းနေအိမ်များ လွှဲအပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇွန် ၂၃

တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဝန်ထမ်းနေအိမ်များ လွှဲအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန်၁၉ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ တိရစ္ဆာန်ဥယျာဉ်၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တက်ရောက်သည်။

လွှဲပြောင်းပေးအပ်

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားပြီး **(အောက်ပုံ)** အလှူရှင် Thai Sawat Import Export ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ Mr. P.C Chen က ဝန်ထမ်းနေအိမ်များဆောက်လုပ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြပြီး စာရွက်စာတမ်းများကို တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးခိုင်ထံ လွှဲပြောင်းပေးအပ်ကာ ဝန်ကြီးက အလှူရှင် Mr. P.C Chen အား ဂုဏ်ပြုမှတ်တမ်းများပေးအပ်သည်။

လှည့်လည်ကြည့်ရှု

ထို့နောက် Mr. P.C Chen က တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းများအတွက် ဝတ်စုံများကိုပေးအပ်လှူဒါန်း၍ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အုပ်ချုပ်ရေးမှူး ဗိုလ်မှူးညိုအေးက ကျေးဇူးတင်စကား ပြောကြားပြီး ဝန်ကြီးနှင့် အလှူရှင်များက ဝန်ထမ်းနေအိမ်နှစ်လုံးကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ဝန်ထမ်းနေအိမ်များသည် အလျား ၁၁၂ပေ၊ အနံ၄၈ပေရှိ ရှစ်ခန်းတွဲနှင့် အလျား၈၈ပေ၊ အနံ၄၈ပေရှိ ခြောက်ခန်းတွဲ၊ သုံးထပ်အဆောက်အအုံများဖြစ်ပြီး မိသားစု၄၂စုနေထိုင်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖြည့်ဆည်းဆောင်ရွက်

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ရုံအစည်းအဝေးခန်းမ၌ စက်ရုံမှူး ဦးဆန်းညွန့်က ပုသိမ် မှန်စက်ရုံ၏အခြေအနေများနှင့် စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နေမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်သည့် သဲ၊ ဒိုလိုမိုက်၊ ကြွေကျောက်၊ ထုံးကျောက်၊ ဆိုဒါအက်ရှ်နှင့် ဆော့ကိတ်နမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် စက်ရုံအတွင်းရှိ မှန်ဖြတ်ဌာန၊ မှန်ဆွဲဌာနနှင့် မီးဖိုဌာနတို့၌ လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ညနေ ၃နာရီခွဲတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်နှင့် ဧရာဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းတို့က လုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ထူထောင်ပြီးကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရှင်သန်အောင် ဆောင်ရွက်ပေးခြင်းသည် ပြည်သူတစ်ရပ်လုံး အသိပညာနှင့် ဗဟုသုတတိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန်အောင် ဒေသဆိုင်ရာအာဏာပိုင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဒေသဆိုင်ရာ အာဏာပိုင်များအနေဖြင့် ကျေးလက်စာကြည့်တိုက်များ ရေရှည် တည်တံ့ရှင်သန်အောင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ **(သတင်းစဉ်)**

စက်ပစ္စည်းများ တပ်ဆင်မှုပြီးစီးအောင် ဆောင်ရွက် နို၀င်ဘာလတွင် စမ်းသပ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်း

နေပြည်တော် ဇွန် ၂၃

အမှတ်(၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇွန် ၂၀ရက် နံနက် ၁၁နာရီတွင် အမှတ်(၂) တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုစက်ရုံ စီမံကိန်း (ဘီးလင်း)သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ရှိသူများက စီမံကိန်း အဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စီမံကိန်းအတွက် စက်ပစ္စည်းများရောက်ရှိမှု၊ စက်ရုံဖွဲ့စည်းပုံနှင့် ဝန်ထမ်းအင်အားခန့်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများနှင့် စက်ပစ္စည်းများတပ်ဆင်မှုကို အောက်တိုဘာလကုန်တွင် ပြီးစီးရေး၊ နို၀င်ဘာလတွင် စမ်းသပ်ထုတ်လုပ်ရေး၊ စက်ရုံပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းပင်များ ထပ်မံစိုက်ပျိုးရေးတို့ကို မှာကြားပြီး စက်ရုံစီမံကိန်း အဆောက်အအုံများ တည်ဆောက်ပြီးစီးနေမှု၊ ရောက်ရှိလာသော စက်ပစ္စည်းများထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြုစုထိန်းသိမ်း

ထို့နောက် ဝန်ကြီးသည် ဘီးလင်းမြို့နယ်ရှိ မရမ်းကုန်းရော်ဘာခြံသို့ ရောက်ရှိရာ ရော်ဘာခြံ ဧည့်ခန်းမဆောင်၌ ရော်ဘာဌာန ညွှန်ကြားရေးမှူးနှင့် ခြံတာဝန်ခံတို့က ရော်ဘာပင်စိုက်ပျိုးမှု လျာထားချက်၊ ရော်ဘာစေးထုတ်လုပ်မှုတို့နှင့် စပ်လျဉ်း၍ တင်ပြကြပြီး ဝန်ကြီးက ရော်ဘာခြံများ ပြုစုထိန်းသိမ်းရေး ရည်မှန်းချက်အတိုင်း ရော်ဘာစေးထွက်ရှိရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါနှင့် ပတ်သက်၍ သိကောင်းစရာများ

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါသည် ကူးစက်မှုမြန်သည်။ ကပ်ရောဂါဖြစ်ပွားလျှင် အသက်၊ စီးပွားရေးနှင့် လူမှုရေးဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။ ထိုဆုံးရှုံးမှုများမှ ကာကွယ်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးသည်။

မေး။ ။စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့် ဂေဟာများတွင် ရောဂါမဖြစ်ပွားစေရန် မည်သို့ နေထိုင်ဆောင်ရွက်သင့်ပါသနည်း။

ဖြေ။ ။အောက်ဖော်ပြပါ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို တစ်ဦးချင်းအနေဖြင့် လိုက်နာဆောင်ရွက်ရပါမည်-

- အဆောက်အအုံများ လေဝင်လေထွက် ကောင်းမွန်ရေးအတွက် ဆောင်ရွက်ခြင်း၊
- ပတ်ဝန်းကျင်သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ခြင်း၊
- အမှိုက်နှင့် အညစ်အကြေးများ စနစ်တကျစွန့်ပစ်ခြင်း၊
- လူအသုံးအဆောင်ပစ္စည်းများ လှေကား၊ ဓာတ်လှေကား၊ နံရံများနှင့် ရုံးတွင်းပရိဘောဂများကို တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ် ပိုးသန့်စင်ခြင်း၊
- စာသင်ကျောင်း၊ လုပ်ငန်းခွင်၊ ဟိုတယ်၊ လူမှုရေးရိပ်သာနှင့် ဂေဟာများတွင် နေထိုင်ဆောင်ရွက်သူများအားလုံး၏ ကျန်းမာရေးကို စောင့်ကြပ်ကြည့်ရှုခြင်း၊
- တစ်ဦးဦးတွင် တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိပါက ကျန်းမာရေးဌာနနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ခြင်း၊

* ကျောဖုံးမှ

ကီလိုဂရမ် ၁၆၀၀ ရှိသည်။ တစ်နာရီလျှင် မိုင် ၇၀ ပျံသန်းနိုင်သည်။ အဲဘတ်စ် အေ-၃၄၀ လေယာဉ် အမျိုးအစားနှင့် ပုံသဏ္ဌာန်တူညီသည်။

အထိရောက်ဆုံးလုပ်ငန်း

နေစွမ်းအင်သုံးလေယာဉ်ထုတ်လုပ်ရေးစီမံကိန်းသည် လေထုညစ်ညမ်းမှုကို လျှော့ချသည့် အထိရောက်ဆုံးလုပ်ငန်းဖြစ်သည်။ ထို့အပြင် အနာဂတ်ကာလ၌ စက်သုံးဆီ အသုံးပြုမှုကင်းဝေးသည့် လေယာဉ်များအဖြစ် နေရာယူလာမည်။

ခရီးသည်တင်လေယာဉ်များအနေဖြင့် အနာဂတ်ကာလ လေကြောင်းပျံသန်းမှုတွင် ရှေ့ဆုံးမှ နေရာယူလာမည်ဖြစ်ကြောင်း၊ ကမ္ဘာ့လေကြောင်းများအနေဖြင့်လည်း နေစွမ်းအင်အသုံးပြုမှု ပိုမိုများလာမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

မှတ်သားဖွယ်ရာမိုးရေချိန်

၂၃-၆-၂၀၀၉

ပူတာအို	၂	ဒသမ	၅၂	လက်မ
သံတွဲ	၂	ဒသမ	၃၆	လက်မ
ထားဝယ်	၁	ဒသမ	၉၃	လက်မ
မြိတ်	၁	ဒသမ	၉၃	လက်မ
ဖလမ်း	၁	ဒသမ	၇၃	လက်မ

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့် ပညာရေးပေါင်းစပ်မှုစီမံကိန်း

ဦးအောင်ကြည်
(ပညာရေး)

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်ပြီး မြန်မာ့ပညာရေးနှင့် အားကစားလောကတွင် သမိုင်းတွင်ရစ်မည့် အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီကို နိုင်ငံတော်က ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီ ဖြစ်သည်။

အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီဖွဲ့စည်းရန် အစပျိုးသည့်အနေဖြင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ၁၆ရက်နေ့တွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာနများနှင့် အခြေခံပညာဦးစီးဌာနများမှ တာဝန်ရှိသူများနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့သည်။

၂၀၀၈ခုနှစ် ဒီဇင်ဘာ ၂၁ရက်နေ့၌ ဝန်ကြီးချုပ်ရုံး၌Myanmar National League အစည်းအဝေးကျင်းပရာ အဆိုပါ အစည်းအဝေးကပင် အားကစားနှင့် ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

ဦးစီးကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို ၂၀၀၉ခုနှစ် ဖေဖော်ဝါရီ ၇ရက်နေ့တွင် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၀၀၉ခုနှစ် ဧပြီ ၂၉ရက်နေ့တွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

နိုင်ငံတော်က ဤကဲ့သို့ အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ရန်တာဝန်ပေးခြင်းသည် '**တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး**' ဟူသည့် လူမှုရေးဦးတည်ချက်ကို ထက်မြက်သွက်လက်စွာ ဆောင်ရွက်စေခြင်းဖြစ်သည်။

တိုင်းပြည်တစ်ပြည်၏ လူဦးရေတစ်ရပ်လုံးအနက် အချက်အချာအကျဆုံးနှင့် အရေးကြီးဆုံးအုပ်စုမှာ ကျောင်းသားလူငယ်များပါဝင်သော လူငယ်အုပ်စုကြီးပင် ဖြစ်သည်။ နိုင်ငံတော်၏ လူဦးရေနှင့်နှိုင်းယှဉ်ကြည့်ပါကလည်း နိုင်ငံတော်လူဦးရေ၏ ၁၅ရာခိုင်နှုန်းမှာ ကျောင်းသားလူငယ်များပင်ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျောင်းသားလူငယ်အင်အားမှာ ရစ်သန်းကျော်မျှ ရှိလေသည်။ အဆင့်မြင့်ပညာဦးစီးဌာန၊ တက္ကသိုလ်ကောလိပ်နှင့် အဝေးသင်တက္ကသိုလ်များပါ ပေါင်းစပ်ကြည့်မည်ဆိုပါက ကျောင်းသားလူငယ်များ၏ အင်အားမှာ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် အရန်အင်အားများ၊ နိုင်ငံတော်က အားထားရမည့် အင်အားများဖြစ်ကြသည်။ အဆိုပါ အင်အားထုကြီးဖြစ်သည့် လူငယ်များကို ကျန်းမာသောကိုယ်ခန္ဓာတွင် ကြံ့ခိုင်သောစိတ်ဓာတ်များရရှိအောင် ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားရမည်မှာ အမှန်ပင်ဖြစ်သည်။

အနာဂတ်တိုင်းပြည်၏ တာဝန်၊ လူမျိုး၏ တိုးတက်ဖွံ့ဖြိုးရေးကိစ္စအားလုံးကို နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိစွာ လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ရမည့် မျိုးဆက်နွယ်လူငယ်လေးများဖြစ်သောကြောင့် ကျောင်းသားလူငယ်တို့၏ ကျန်းမာမှု၊ သာယာဝပြောမှုကို အမြင့်ဆုံးအဆင့် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။

ဤကဲ့သို့ အမြင့်ဆုံးအဆင့် ဦးစားပေးဆောင်ရွက်ရန်အလို့ငှာ အချိန်ကိုက်ပေါ်ထွန်းလာသော ဦးစီးကော်မတီမှာ '**အားကစားနှင့် ပညာရေးပေါင်းစပ်မှုဦးစီးကော်မတီ**' ပင်ဖြစ်သည်။ ဤဦးစီးကော်မတီသည် ကျောင်းသားလူငယ်များအား ကိုယ်ကာယကြံ့ခိုင်ရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေး၊ ကြံ့ခိုင်သန်စွမ်းသော ကာယ၊ ဉာဏလုပ်သားကောင်းများ ပေါ်ထွန်းလာရေး၊ အားကစားသမားကောင်းများ၊ အားကစားလူရည်ချွန်များဖော်ထုတ်ရေး၊ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှုအသွင်ဖြင့် ပါဝင်ဆောင်ရွက်ရေးကို အဓိကရည်မှန်းကာ နိုင်ငံတော်ကျောင်းများ၌ အားကစားပညာရပ်များကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

'အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းက'
'အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းက'

ဟူသောဆောင်ပုဒ်များဖြင့် နိုင်ငံတော်ကျောင်းများ၏တန်ဖိုးကို ဖော်ပြနေသည်။ အမျိုးသားစည်းကမ်းနှင့် အမျိုးသားကျန်းမာရေးသည် အားကစား၏ မူလအစဖြစ်သည်။ အခြေခံအကျဆုံးဌာနများမှာလည်း နိုင်ငံတော်ကျောင်းများသာဖြစ်သည်။ ကျောင်းတွင် တက်ရောက်သင်ကြားနေသော ကျောင်းသားကျောင်းသူများသည် ဤစီမံကိန်းကြီး၏ ဦးတည်ပရိသတ်ပင်ဖြစ်သည်။

အားကစားဆိုသည်မှာ ကြံ့ခိုင်မှု၊ ခွန်အားရှိမှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှု၊ ခံနိုင်ရည်ရှိမှု၊ ပူးပေါင်းဆောင်ရွက်မှု စသည့်အခြေခံအချက်ကြီး ခြောက်ချက်ကို မူတည်သည်။ ဤအခြေခံအချက်တစ်ခုခု ချို့ယွင်းပါက ပြီးပြည့်စုံသော အားကစားဆောင်ရွက်မှုတစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည် မဟုတ်ချေ။ ဤအချက်များပြည့်စုံမှသာ အားကစားပညာရပ်ကို တတ်မြောက်ကျွမ်းကျင်မှုနှင့်အတူ စုပေါင်းဆောင်ရွက်တတ်သည့်စိတ်၊ သည်းခံတတ်သည့်စိတ်၊ ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယနှင့်ပြည့်စုံပြီး အနိုင်မခံ အရှုံးမပေးလိုသည့်စိတ် အစရှိသည့်သန့်စင်မွန်မြတ်သော အားကစားစိတ်ဓာတ်များ ပြုစုပျိုးထောင်ရာ ရောက်ပါသည်။

ဤဦးစီးကော်မတီသည် ၂၀၀၉ ခုနှစ် ဇွန်လမှစတင်၍ ဘောလုံးအားကစားကို အဓိကထား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ဘောလုံးအားကစားပွဲများ ကျင်းပရာတွင် တရားမျှတသော ကစားပွဲများအဖြစ် ယှဉ်ပြိုင်စေခြင်းအပြင် နှစ်ဖက်အသင်းကိုအားပေးကြသော နှစ်ဖက်ပရိသတ်၏ အနိုင်ရလိုစိတ်ဖြင့် အားပေးမှုများသည်လည်း အားကစားစိတ်ဓာတ်အပြည့်ဖြင့် အနိုင်အရှုံးသည် ပဓာနမဟုတ်ဘဲ ယှဉ်ပြိုင်ခြင်းသည်သာ အဓိကဟူသောစိတ်ထားကို အရင်းခံကာ မြို့ကြီးသားများပီသစွာ အဆင့်တန်းရှိရှိ အားပေးကြရန်ကိုလည်း တာဝန်ရှိသူများ၊ အားကစားသမားများ၊ ပွဲကြည့်ပရိသတ်များက အသိစိတ်ဓာတ်ဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်သည်။

ဘောလုံးကစားသမားများသည် သန့်ရှင်းသော အားကစားသမားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။ အခြားတစ်ဖက်အသင်းအား ဒဏ်ရာအနာတရရအောင်ရည်ရွယ်ပြီး စိတ်ထားယုတ်ညံ့စွာ မကစားရေးကိုလည်း နည်းပြဆရာများ၊ အသင်းအုပ်ချုပ်သူများက အစဉ်သတိပြုနေရမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အဆင့်အထိ ဖြစ်မြောက်အောင် လုပ်ဆောင်ကြရာတွင် ဉာဏ်ပညာအဆင့်မြင့်သော အားကစားသမားများကို တက္ကသိုလ်အဆင့်မှ ရနိုင်သဖြင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များယှဉ်ပြိုင်စေပြီး လက်ရွေးစင် အမျိုးသားအသင်းတစ်သင်းနှင့် အမျိုးသမီးအသင်းတစ်သင်း ပေါ်ထွက်လာမည်ဖြစ်သည်။ တက္ကသိုလ်အဆင့်သို့ရောက်ရှိရန် အခြေခံပညာကျောင်းမှ စတင်ရမည်ဖြစ်သည်။ ဘောလုံးအားကစားကို အဓိကထား ဆောင်ရွက်ပြီးနောက် ဘော်လီဘော၊ ဒိုင်ဗင်၊ ရေကူး၊ ဘတ်စကက်ဘောစသည့် အားကစားနည်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ခေတ် အမျိုးသမီးများသည် မူမမှန်သော၊ နည်းလမ်းမမှန်သော၊ တရားဝင်မဟုတ်သော မူးယစ်ဆေးဝါးများကို အသုံးပြုကာ ကိုယ်ခန္ဓာကို သွယ်လျပိန်ကျအောင် လုပ်ဆောင်လာကြသည်ကို တွေ့ရှိရပေသည်။ ဤသို့လုပ်ဆောင်လာပါက ဥပဒေအရသော်လည်းကောင်း၊ လူမှုရေးစည်းမျဉ်းအရသော်လည်းကောင်း တားဆီးပိတ်ပင်ရမည် ဖြစ်သည်။

အဆိုပါကိစ္စရပ်များ မပေါ်ပေါက်စေရန် ကြိုတင်ကာကွယ်၊ တားဆီးစည်းရုံးဆောင်ရွက်သည့်အနေဖြင့် တက္ကသိုလ်များ၊ ပညာရေးကောလိပ်များတွင် အလှမယ်ပြိုင်ပွဲများကိုလည်း ယခုစာသင်နှစ်မှစတင် ကျင်းပပေးသွားမည့်နည်းတူ ကာယဗလမောင်ပြိုင်ပွဲများကိုပါ ပူးတွဲကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၊ ပညာရေးကောလိပ်များတွင် ကျင်းပမည့် ကာယဗလပြိုင်ပွဲများအတွက် လေ့ကျင့်ရေးဆိုင်ရာ အားကစားပစ္စည်းများကို အားကစားဝန်ကြီးဌာနမှပေးမည်ဟု သိရှိရပြီး နည်းစနစ်ပိုင်းလေ့ကျင့်ရေးပိုင်းများကိုလည်း သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များက ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ လေ့လှော်ရွက်တိုက်အားကစားတွင် ကျောင်းသားကျောင်းသူများ အတွေ့အကြုံနည်းသေးသော်လည်း ရန်ကုန်ရွက်လှေအဖွဲ့ချုပ်နှင့် ဆက်သွယ်၍ သင်တန်းများပေးကာ လှေလှော်ရွက်တိုက်အားကစားကိုလည်း ကစားနိုင်ရန် စီစဉ်ပေးထားပြီ ဖြစ်သည်။

ယခုအခါ မြန်မာ့ဘောလုံးလောက တစ်ခေတ်ဆန်းချိန်နှင့် ကြုံကြိုက်နေသော အခါသမယဖြစ်သည်။ Myanmar National League ပြိုင်ပွဲဝင်အသင်းများအတွက် ဘောလုံးကလပ်များအနေဖြင့် အခြေခံပညာပိုင်းအထိ လိုက်လံ၍ ဘောလုံးသမားများကို လေ့လာစုဆောင်းလျက်ရှိသည်ကို တွေ့ရှိနေရပေသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ အမျိုးသားဘောလုံးပြိုင်ပွဲများနှင့် ရေကူး၊ ဒိုင်ဗင်၊ ဘတ်စကက်ဘော၊ ဘော်လီဘော ပြိုင်ပွဲများကို ဩဂုတ်လတွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ ပြေးခုန်ပစ်ပြိုင်ပွဲများကို ကျောင်းအလိုက် ဒီဇင်ဘာလတွင် ကျင်းပမည်ဖြစ်ပြီး အခြားအားကစားပြိုင်ပွဲများကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ညှိနှိုင်းစီစဉ်မှုအရ ပညာရေးမှ ကာယဆရာဆရာမ ၁၅၀တို့သည် အားကစားနှင့်ကာယပညာသိပ္ပံတွင် အားကစားပညာရပ် ၁၉နည်းအပြင် ထပ်တိုးသုံးနည်းနှင့် စုစုပေါင်းနည်းစနစ် ၂၂မျိုးကို သီတင်းရှစ်ပတ်ကြာမျှ သင်ကြားတက်ရောက်ခဲ့ပြီး မိမိတို့နယ်မြေဒေသ ကျောင်းအသီးသီးသို့ ပြန်လည်ရောက်ရှိကာ ဆက်လက် သင်ကြားပေးသွားမည်ဖြစ်သည်။

အားကစားနည်းပြများရရှိရေး စီမံချက်အရ တစ်နှစ်လျှင်သုံးကြိမ် အနည်းဆုံး နည်းပြဆရာဆရာမအင်အား ၄၅၀လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ အားကစားနည်းပြဆရာ ၂၀၀၀ခန့်ကို ဆက်လက်ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ရာ၌ ပြည်နယ်နှင့်တိုင်း၊ ခရိုင်၊ မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် ပညာရေးမှ အားကစားပြိုင်ပွဲဆိုင်ရာများ အကူအညီတောင်းခံလာပါက ကစားကွင်းရရှိရေး၊ အားကစားပစ္စည်းရရှိရေး၊ ဒိုင်လူကြီးများရရှိရေး၊ နည်းစနစ်မှူးများရရှိရေးကို အစွမ်းကုန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီ၏ စီစဉ်မှုဖြင့် ယခုပညာသင်နှစ်တွင် တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲများကို အမျိုးသားအသင်း၊ အမျိုးသမီးအသင်းများ ဖွဲ့စည်းယှဉ်ပြိုင်၍ တက္ကသိုလ်လက်ရွေးစင် ဘောလုံးအသင်းကို မဖြစ်မနေ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် လက်ရွေးစင် အားကစားသမားဟောင်းများ ရှာဖွေစုစည်းခဲ့ရာ ၂၅၂ဦးရှိခဲ့ပြီး ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ နည်းပြများအဖြစ် ခန့်ထားပေးရန် စီစဉ်လျက်ရှိကြောင်းလည်း သိရသည်။

အားကစားကိုသာလုပ်နေလျှင် ပညာရေးဘက်တွင် အားနည်းတတ်သည်ဟူသော မိဘများ၏ တစ်ဖက်သတ်အမြင်များကိုလည်း ပြုပြင်ရန်လိုအပ်ပေသည်။ ကျောင်းသားအရွယ်သည် ကစားချိန်ကစား စာကျက်ချိန်စာကျက်မှသာလျှင် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်နိုင်သည်ကို သတိပြုအပ်ပေသည်။

အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ရာ အခြေခံပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်မှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ မိဘများ၊ ဆရာ ဆရာမများ၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုများကို လေးစားလိုက်နာကာ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရေး ဆောင်ရွက်မှုစီမံချက်တွင် ပညာရေးနှင့်အားကစား အချိုးညီစွာ ဆောင်ရွက်ရင်း နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လည်း အထူးလိုအပ်လှသည်။

အားကစားနှင့်ပညာရေး ပေါင်းစပ်မှုဦးစီးကော်မတီသည် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ ပူးပေါင်းပါဝင် ဖြည့်ဆည်းဆောင်ရွက်မှုများကို အခြေပြုကာ ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနများနှင့် အခြေခံပညာဦးစီးဌာနများ၏ အင်တိုက်အားတိုက် ပါဝင်ပေါင်းစပ်မှုများအပြင် မိဘပြည်သူများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ၏ ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်မှုဖြင့် အနာဂတ်ကြယ်ပွင့် နိုင်ငံ့ဂုဏ်ဆောင် အားကစား လူချွန်လူကောင်းများ ပေါ်ထွန်းလာရေးအတွက် ဦးဆောင်သွားနိုင်မည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

အနာဂတ်တိုင်းပြည်၏ တာဝန်၊ လူမျိုး၏ တိုးတက်ဖွံ့ဖြိုးရေးကိစ္စအားလုံးကို နိုင်ငံနှင့်လူမျိုးအတွက် အကျိုးရှိစွာ လက်ဆင့်ကမ်း တာဝန်ထမ်းဆောင်ရမည့် မျိုးဆက်နွယ် လူငယ်လေးများဖြစ်သောကြောင့် ကျောင်းသားလူငယ်တို့၏ ကျန်းမာမှု၊ သာယာဝပြောမှုကို အမြင့်ဆုံးအဆင့် ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်။

တံတား တည်ဆောက်

ကသာမြို့နယ် ပင်လုံလမ်း၌ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသည့် အရှည် ၁၆ ပေ၊ အကျယ် ၁၈ပေ၊ အမြင့် ၈ပေရှိ သံကူကွန်ကရစ် တံတား တည်ဆောက်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာဦးမြင့်ဇော် မေ ၂၁ရက်က ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ကဝမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ကဝ ဇွန် ၂၃

ကဝမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် သွေးလွန်တုပ်ကွေးရောဂါပပျောက်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မေ ၃၀ရက်က မြို့ပေါ်ရပ်ကွက်ခြောက် ရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

24-6 (10).pmd 1 6/24/2009, 2:43 AM

ဇေယျာရွှေမြေအသင်း ဂိုးပြတ်သွင်းကာ ပထမဦးဆုံးနိုင်ပွဲတွေ့သွားပြီ

သတင်းမြင်ကွင်း-ဖိုးသော်ဇင် ဓာတ်ပုံမှတ်တမ်း-တင်စိုးနှင့် သိန်းဝင်းလေး(မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၃

MNL CUP Grand Royal 2009 ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)အဖြစ် ဧရာဝတီတိုင်း ကိုယ်စားပြု Delta United F.C နှင့် စစ်ကိုင်းတိုင်းကိုယ်စားပြု ဇေယျာရွှေမြေ F.C တို့သည် ယနေ့ ညနေ၄နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ဇေယျာရွှေမြေ F.C က သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဇေယျာရွှေမြေ F.C - သုံးဂိုး
Delta United F.C - ဂိုးမရှိ

ပြိုင်ပွဲမစတင်မီက နာမည်ကြီးကစားသမားအပါအဝင် ပြင်ဆင်မှုအားကောင်းကောင်းနဲ့ ပြင်ဆင်ထားကြပေမယ့် တကယ်တမ်း ပြိုင်ပွဲယှဉ်ပြိုင်နေချိန်မှာတော့ ထင်တိုင်းမပေါက်ဖြစ်နေပြီး နိုင်ပွဲမရသေးဘဲ အမှတ်ပေးဇယား အောက်ဆုံးနားကို ရောက်ရှိနေတဲ့ အသင်းနှစ်သင်းတို့ တွေ့ဆုံကြတဲ့ပွဲပဲဖြစ်ပါတယ်။ ဇေယျာရွှေမြေအသင်းဟာ အခုပွဲမှာ ယခင်ပွဲတွေထက် ကစားပုံ ပိုကောင်းခဲ့သလို ဂိုးသွင်းစွမ်းရည်တွေ ပြသနိုင်ခဲ့တာကြောင့် ပထမဦးဆုံး နိုင်ပွဲရရှိခဲ့တယ်ဆိုရင် မမှားပါဘူး။ ဇေယျာရွှေမြေအသင်းဟာ ပထမဦးဆုံးနိုင်ပွဲနဲ့အတူ အဆင့်(၅)အထိ တက်ရောက်လာနိုင်ခဲ့ပါတယ်။

ကစားပုံအားမရ

Delta United အသင်းဟာလည်း ဆိုးရွားနေတဲ့ ရလဒ်ပိုင်းတွေက ရုန်းထွက်နိုင်ဖို့ အပြောင်းအလဲတွေ လုပ်ခဲ့ပါတယ်။ အာဂျင်တီးနားကစားသမားတွေကို ပွဲထွက်စာရင်းကနေ ချန်လှပ်ခဲ့ပြီး ပြည်တွင်းကစားသမားတွေနဲ့ပဲ ယှဉ်ပြိုင်ခဲ့ပေမယ့် ရလဒ်ကောင်းတွေကို မဆောင်ကြဉ်းနိုင်ခဲ့ပါဘူး။ နှစ်ဂိုးပြတ်ရှုံးနေချိန်မှာ အာဂျင်တီးနားတိုက်စစ်မှူး ရိုဒရီဂိုကို ထည့်ကစားခဲ့ပေမယ့် ကစားပုံက အားရစရာမရှိခဲ့သလို ကစားသမားတွေကလည်း နိုင်လိုစိတ်ပျောက်ဆုံးနေတယ်လို့ ပွဲအပြီးမှာ နည်းပြချုပ် ဦးဆန်းဝင်းကိုယ်တိုင် ဝန်ခံသွားခဲ့ပါတယ်။

ကျော်ကိုကို ပြန်ပါလာတာကြောင့် ဇေယျာရွှေမြေရဲ့ တောင်ပံတိုက်စစ် ပိုအားကောင်းခဲ့သလို ရာဇာဝင်းသိန်း၊ ထူးကျော်နဲ့ စည်သူသန်းတို့ တွဲလုံးတွေကလည်း အခုပွဲမှာ ထိရောက်ခဲ့ပါတယ်။ ပွဲအစ လေးမိနစ်ကတည်းက ဇေယျာရွှေမြေအသင်း ဂိုးစရဖို့ အခွင့်အရေးပေါ်ခဲ့ပေမယ့် ကျော်ကိုကိုက သူ့ကြောင့်ရတဲ့ ပယ်နယ်တီကို ဝင်အောင်မသွင်းနိုင်ဘဲ တိုင်ထိထွက်ခဲ့လို့ နစ်နာခဲ့ရပါတယ်။ အဲဒီပယ်နယ်တီ မဝင်တာကို Delta United တို့ အခွင့်အရေးယူနိုင်ခြင်းမရှိဘဲ ဇေယျာရွှေမြေရဲ့ ဖိကစားခြင်းကို ခံခဲ့ရပါတယ်။ ကိုးမိနစ်မှာတော့ ဇေယျာရွှေမြေ ဂိုးစရခဲ့ပြီး မင်းသူ ပေးတာမှတစ်ဆင့် စည်သူသန်းက ခွဲပြေးကန်သွင်းခဲ့တာဖြစ်ပြီး တိုင်နှစ်တိုင်ထိကာ ဂိုးဝင်ခဲ့တာပါ။

Delta United အသင်းကို အနိုင်ရရှိသွားသည့် ဇေယျာရွှေမြေအသင်း ဆုယူအပြီးတွေ့ရစဉ်။ (မြန်မာ့အလင်း)

လွှဲချော်ခဲ့

ဆက်တိုက်ဆိုသလို ဇေယျာရွှေမြေတို့ ဖိကစားခဲ့ပြီး ၂၂မိနစ်မှာ တိုက်စစ်မှူး ထူးကျော်က ဒုတိယဂိုးသွင်းယူသွားခဲ့ပါတယ်။ Delta United အသင်းဟာ အဲဒီနောက်ပိုင်းမှာတော့ အပြောင်းအလဲလုပ်တဲ့အနေနဲ့ ဇင်မျိုးအောင်ကိုထုတ်ပြီး ရိုဒရီဂိုကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ Delta United အသင်း တိုက်စစ်အား တက်လာတယ်ဆိုပေမယ့် အခွင့်အရေးတွေကို အသုံးချနိုင်ခြင်း မရှိခဲ့ပါဘူး။ ရိုဒရီဂို အပိုင်နှစ်ကြိမ်ရပေမယ့် လွှဲချော်ခဲ့သလို အောင်ကျော်မျိုးရဲ့ ကန်ချက်ကလည်း ဂိုးမဖြစ်ခဲ့ပါဘူး။

ဒုတိယပိုင်းမှာတော့ Delta United အသင်း ဖိကစားနိုင်ခဲ့ပေမယ့် ဂိုးသွင်းခွင့်ရရှိခဲ့တာကတော့ ဇေယျာရွှေမြေအသင်းပဲဖြစ်ပါတယ်။ Delta United အသင်းရဲ့ တိုက်စစ်ဟာ အချိတ်အဆက်တွေလွဲနေခဲ့သလို တောင်ပံနှစ်ဖက်ရဲ့ ဖြတ်တင်ဘောတွေကလည်း မထိရောက်ခဲ့ပါဘူး။ အဲဒါကြောင့် ဂိုးသွင်းခွင့်သုံးကြိမ်လောက်ပဲ ရရှိခဲ့ပါတယ်။ ဇေယျာရွှေမြေအသင်းကတော့ လူငယ်ကစားသမားတွေ ပါလာပေမယ့် ဟန်ချက်ညီညီကစားနိုင်ခဲ့ပြီး ၈၅မိနစ်မှာ ရဲဝေယံစိုးက တတိယဂိုးကိုသွင်းယူခဲ့တာ ဖြစ်ပါတယ်။

ပွဲအပြီးမှာ အကောင်းဆုံးဆုရ စည်သူသန်း(ဇေယျာရွှေမြေ)ကို Grand Royal မှ ငွေကျပ်ငါးသိန်း၊ အနိုင်ရရှိသွားတဲ့ ဇေယျာရွှေမြေအသင်းကို ကမ္ဘောဇဘဏ်မှ ငွေကျပ် ၁၀သိန်း ချီးမြှင့်ခဲ့ပါတယ်။

ကြိုးစား

Delta United နည်းပြချုပ် ဦးဆန်းဝင်းက **"ကျွန်တော့်ကစားသမားတွေ နိုင်လိုစိတ်ပျောက်နေလို့ ရှုံးနိမ့်ခဲ့ရတာပါ။ စိတ်ပျက်ဖို့ ကောင်းတဲ့ပွဲတစ်ပွဲပါ။ ပြုပြင်ပြောင်းလဲမှုတွေကိုတော့ နောက်ပြိုင်ပွဲ မတိုင်ခင် လုပ်ရမှာပါ။ ဒီအတိုင်းဆက်သွားနေရင် နောက်ပြိုင်ပွဲမှာလည်း ကျွန်တော်တို့ ချန်ပီယံဆု မှန်းနိုင်မှာ မဟုတ်ပါဘူး။ လက်ကျန်နှစ်ပွဲမှာတော့ ရလဒ်ကောင်းပြန်ရဖို့ ကြိုးစားမှာပါ"**ဟု ပြောကြားခဲ့ပါသည်။

ဇေယျာရွှေမြေ F.C နည်းပြချုပ် ဦးဉာဏ်ဝင်းက **"နိုင်ပွဲစရလို့ အလွန်ပျော်ပါတယ်။ ကစားသမားတွေကြိုးစားမှုကောင်းလို့ဖြစ်ပြီး အသင်းကစားပုံကတော့ လိုပါသေးတယ်။ မျိုးဇော်ထွန်းကတော့ ဒဏ်ရာကြောင့် မကစားနိုင်သေးတာပါ။ ကျွန်တော်တို့ ဒီပွဲအနိုင်ရလို့ အဆင့်(၅)အထိ တက်ရောက်နိုင်ခဲ့ပြီး ဒီထက်အဆင့်ပိုကောင်းဖို့ ကြိုးစားသွားမှာပါ"**လို့ ပြောကြားခဲ့ပါတယ်။ ။

MNL CUP GRAND ROYAL 2009

၂၅-၆-၂၀၀၉

သုဝဏ္ဏကွင်း

မကွေး F.C - ရတနာပုံ F.C။

(မြန်မာ့အလင်း)

Delta United အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြသည်။ (မြန်မာ့အလင်း)

Delta United အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသော ဇေယျာရွှေမြေအသင်းအား ပြိုင်ပွဲမစမီ တွေ့ရစဉ်။

(မြန်မာ့အလင်း)

ရန်ကုန်အနောက်ပိုင်းခရိုင်၌ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ခရိုင်လုံးကျွတ် ကျောင်းအပ်နှံရေးနှင့် ပညာသင်စရိတ် ပေးအပ်ခြင်း အခမ်းအနားကို ဇွန်၂၃ရက် နံနက် ၉နာရီက စမ်းချောင်းမြို့နယ်၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားသို့ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြိုင် တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်အတွင်းရှိ မြို့နယ်များမှ မူလတန်းကျောင်းသား ကျောင်းသူလေးများအား စာရေးကိရိယာနှင့် ကျောင်းသုံးပစ္စည်းများ ပေးအပ်သည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၃၅၀ တက်ရောက်ကြသည်။ ခရိုင်အတွင်း မြို့နယ်များရှိ မူလတန်းကျောင်း ၁၂၄ကျောင်းမှ ကျောင်းသားကျောင်းသူ ၅၈၂ဦးတို့အား ပေးအပ်ခဲ့သည်။ **(၁၀၃)**

ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ အဌမအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ဇူလိုင် ၁၂ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အဆိုပါဆေးရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

သွေးလိုအပ်နေသည့် လူနာများ၏ ဇီဝိတဒါနအသက်ကယ်နိုင်ရန် ရည်မှန်း၍ သွေးလှူရှင်များက စုပေါင်းသွေးလှူဒါန်းကြမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် လူကိုယ်တိုင် အဆိုပါဆေးရုံကြီးရှိ ပြင်ပလူနာဌာနများ၊ ဆေးရုံအုပ်ကြီးရုံးနှင့် အုပ်ချုပ်ရေးမှူးရုံးတို့၌စာရင်းပေးသွင်းနိုင်ပြီး ဖုန်းဖြင့်ဆက်သွယ် ပေးသွင်းလိုပါက ဖုန်း-၅၄၁၇၈၅၊ ၅၄၅၇၈၂၊ ၅၅၈၄၃၄၊ ၅၄၂၇၀၆နှင့် ၅၅၂၅၄၂တို့သို့ ဇူလိုင် ၁၀ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

ရန်ကုန် ဇွန် ၂၃

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ သံတွဲမြို့တွင် ၂ ဒသမ ၃၆ လက်မ၊ ထားဝယ်မြို့နှင့် မြိတ်မြို့တို့တွင် ၁ ဒသမ ၈၃ လက်မစီနှင့် ဖလမ်းမြို့တွင် ၁ ဒသမ ၇၃လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

ဇွန် ၂၄ ရက် ညနေအထိခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အားကစားသတင်း အတိုအထွာ

ပရီမီယာလိဂ်အသင်းများ ဂတ်ဂျွန်ဆင်အား ခေါ်ယူရန်ကြိုးစားနေ

ဘာစီလိုနာမှ ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဂတ်ဂျွန်ဆင်ကို ရောင်းချမည်ဖြစ်ရာ ဝက်စ်ဟမ်း၊ ဗီလာ၊ အဲဗာတန်နှင့် ဖူလ်ဟမ်အသင်းတို့က ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။

နယူးကာဆယ်မှတေလာ အေဂျက်ဇ်မှ ကမ်းလှမ်း

နယူးကာဆယ်နောက်ခံလူ စတီဗင်တေလာက မိမိအသင်းမှ ထွက်ခွာလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ တေလာအား အေဂျက်ဇ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းထားသည်။

ချယ်လ်ဆီးက တောရက်စ်အား ပေါင်သန်း ၅၀ ပေးမည်



ချယ်လ်ဆီးကလပ်က လီဗာပူးတိုက်စစ်မှူး တောရက်စ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ ပေးမည်ဟု ကမ်းလှမ်းလိုက်သည်။ တောရက်စ်က လီဗာပူး၏ အဓိကပြိုင်ဘက်အသင်းများသို့ ပြောင်းရွှေ့မည်မဟုတ်ဟု ပြောကြားသည်။

စပါးကွင်းလယ်ကစားသမား ဇိုကိုရာအားရောင်းမည်

စပါးကွင်းလယ်ကစားသမား ဒီဒီရာဇိုကိုရာကို စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်၊ ဆန်းဒါးလန်းနှင့် ဆီဗီလာအသင်းတို့ကခေါ်ယူရေး အပြိုင်ကြိုးစားလျက်ရှိရာ စပါးအသင်းက ထိုက်တန်သည့် ဈေးနှုန်းပေးပါက ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

လွှာလွှာအား ခေါ်ယူရန် ဆန်းဒါးလန်း ချဉ်းကပ်

ကာတာကလပ် အယ်အာရာဘီအသင်း၌ ကစားနေသော လွှာလွှာအား ဆန်းဒါးလန်းနည်းပြ စတိဗ်ဘရုက ခေါ်ယူရန် ချဉ်းကပ်လျက်ရှိသည်။

နူတန်အား ခေါ်ယူရေး အသင့်ရှိဟု ဗီလာနည်းပြဆို

ရက်ဖီးယူနိုက်တက် ညာနောက်ခံကစားသမား နူတန်အား ဗီလာနည်းပြ မာတင်အိုနေးက ခေါ်ယူရန် အသင့်ရှိကြောင်း ပြောကြားသည်။

ကင်မရွန်းနောက်ခံလူ အက်တိုဘာ ဆဲလ်တစ်ခေါ်မည်

ကင်မရွန်းအသင်း ဘယ်နောက်ခံလူ အက်တိုဘာအား ဆဲလ်တစ်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၂ဒသမ၈ သန်းပေး၍ ခေါ်ယူမည်ဖြစ်ကြောင်းပြောကြားသည်။

ယူရီဇိုင်ရာကော့ဗ်အား ချယ်လ်ဆီး ခေါ်ယူမည်

ချယ်လ်ဆီးက စီအက်စ်ကေအေဂတ်စာကို အသင်း ဘယ်နောက်ခံလူ ယူရီဇိုင်ရာကော့ဗ်အား ပြောင်းရွှေ့ကြေး ပေါင် ၁၅သန်းဖြင့်ခေါ်ယူမည် ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ဗီဒစ်၊ ကာရစ်နှင့် ဘာဘာတော့ဗ်တို့အား မန်ယူက လစာတိုးမြှင့်ပေးမည်



မန်ယူနောက်ခံလူဗီဒစ်၊ ကွင်းလယ်ကစားသမားကာရစ်နှင့် တိုက်စစ်မှူး ဘာဘာတော့ဗ် တို့အား တစ်နှစ်လျှင် တစ်ကြိမ် လုပ်ခလစာများ တိုးပေးမည်ဟု မန်ယူကလပ်က သတင်းထုတ်ပြန်သည်။

မောင်ချစ်ကြည် စုစည်းတင်ပြသည်

ဘာကာမှအီတူး မန်စီးတီးကိုရောက်လာမှာလား . . . .

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ ■ စာမျက်နှာဖွဲ့စည်းမှု - မြင့်စိန် (မြန်မာ့အလင်း)

လန်ဒန် ဇွန် ၂၃

ကမ္ဘာ့အကောင်းဆုံး ဘောလုံးအသင်းတစ်သင်းအဖြစ် ရောက်ရှိအောင် ကြိုးစားတည်ဆောက်နေတဲ့ မန်စီးတီးပိုင်ရှင် ဒူဘိုင်းအခြေစိုက် စော်ဘွားတွေဟာ ဘာစီလိုနာ အသင်းက တိုက်စစ်မှူးအီတူးကို ရအောင် ခေါ်ယူဖို့အတွက် ဇွန် ၂၂ ရက်မှာ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စပိန်နိုင်ငံသို့ စေလွှတ်လိုက်ပြီဖြစ်ပါတယ်။

တာဝန်ပေး

ဒီကိုယ်စားလှယ်အဖွဲ့ဟာ ဘာစီလိုနာကလပ်က တာဝန်ရှိသူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီး တိုက်စစ်မှူးအီတူးကို ခေါ်ယူနိုင်မယ့်နည်းလမ်းတွေကို ဆွေးနွေးဖို့ တာဝန်ပေးလိုက်ပါတယ်။ ဘာစီလိုနာကလပ်ရဲ့ လိုလားချက်တွေကိုလည်း ချက်ချင်း အကြောင်းပြန်ပေးဖို့နဲ့ ငွေကြေးသတ်မှတ်မှုတွေကိုပါ ဆွေးနွေးဖို့ တာဝန်ပေးလိုက်ခြင်းဖြစ်ပါတယ်။

ဘာစီလိုနာရဲ့ဆန္ဒ

ဘာစီလိုနာအသင်းဟာ အရင်ကတော့ ကင်မရွန်းတိုက်စစ်မှူးအီတူးကို ရောင်းမယ်လို့ လေသံပစ်ခဲ့ပြီး အခုမှမရောင်းတော့ပါဘူးဆိုနေတာမို့ မန်စီးတီးက အီတူးအား ခေါ်ယူရေးနဲ့ပတ်သက်ပြီး အရှိန်မြှင့်တင်လိုက်ခြင်း ဖြစ်ပါတယ်။ ဘာစီလိုနာဟာ အီတူးကို လက်လွှတ်မခံလိုဘဲ ဘာစီလိုနာအသင်းမှာပဲ စာချုပ်သက်တမ်းတိုးပြီး ဆက်ထိန်းထားဖို့ ဆန္ဒရှိနေပါတယ်။ ဒါ့အပြင် လက်ထဲက ချန်ပီယံလိဂ်ဖလားကို အီတူးတို့ အုပ်စုနဲ့ကာကွယ်ဖို့ ကြိုးစားမှာဖြစ်ပါတယ်။

အီတူး

အသက် ၂၈ နှစ်အရွယ်ရှိပြီး ဒီနှစ်မှာ ဘာစီလိုနာကို ချန်ပီယံလိဂ်ဖလား ရယူပေးထားနိုင်တဲ့ အီတူးရဲ့ ဂိုးသွင်းစွမ်းရည်ကို မန်စီးတီးကလပ်က ကောင်းကောင်းလေ့လာထားတာမို့ လက်လွှတ်ခံမှာတော့ မဟုတ်ပါဘူး။ အီတူးလို ကစားသမားမျိုး မန်စီးတီးမှာ ရှိသင့်တယ်လို့ မန်စီးတီးရဲ့ နည်းစနစ်ပိုင်းဆိုင်ရာအဖွဲ့က အကြံပြုထားတာမို့ ရနိုင်တဲ့နည်းတွေသုံးပြီး ခေါ်ယူဖို့တော့ စီစဉ်နေပြီဖြစ်ပါတယ်။ အာဖရိကရဲ့ အကောင်းဆုံး ဘောလုံးသမားဆု သုံးကြိမ်ရရှိထားတဲ့ အီတူးကတော့ ဘာစီလိုနာရဲ့ အောင်မြင်မှုတွေကို ဆက်လက်ဆောင်ကြဉ်းဖို့ အစီအစဉ်ရှိတယ်လို့ ဆိုနေပါတယ်။

မန်စီးတီးက ခေါ်ယူရန် ကြိုးစားနေသည့် အီတူး။

အီတူးရဲ့ လုပ်အားခ

မန်စီးတီးကလပ်က အီတူးကို ပြောင်းရွှေ့ကြေး အမေရိကန်ဒေါ်လာသန်း ၃၀ ပေးပြီး ခေါ်ယူဖို့ ဈေးပေးထားပါတယ်။ ဒါ့အပြင် အီတူးရဲ့လုပ်ခအနေနဲ့ တစ်ပတ်ကို လုပ်အားခ ပေါင် ၃၂၀၀၀၀ ပေးမှာဖြစ်ပြီး ဘာစီလိုနာရဲ့ သဘောထားကို သိရှိဖို့အတွက် အခုလို ကိုယ်စားလှယ်အဖွဲ့ စေလွှတ်လိုက်ရခြင်း ဖြစ်ပါတယ်။

နည်းပြ ဂွါဒီယိုလာ

ဘာစီလိုနာနည်းပြ ဂွါဒီယိုလာဟာ ဘာစီလိုနာ တိုက်စစ်အတွက် အီတူးကို လက်လွှတ်ခံမှာ မဟုတ်ပါဘူး။ အီတူးကလည်း ဘာစီလိုနာမှာပဲ ကစားလိုတဲ့ဆန္ဒရှိနေပါတယ်။ အီတူးကြောင့် ချန်ပီယံလိဂ်ဖလား ရယူနိုင်ခဲ့တာဆိုလည်း မမှားပါဘူး။

ကိုယ်စားလှယ်အဖွဲ့

မန်စီးတီးရဲ့ ကိုယ်စားလှယ်အဖွဲ့ကတော့ ပြောဆိုမှုတွေကို အကောင်းဆုံးအနေအထားရောက်အောင် ကြိုးစားသွားမယ်လို့ ဆိုပါတယ်။ အီတူးကိုယ်တိုင်ကတော့ ဘာစီလိုနာမှာပဲ ကစားလိုစိတ်ရှိနေတာမို့ အကြိတ်အနယ် ဆွေးနွေးနေကြပြီ ဖြစ်ပါတယ်။

စောင့်ကြည့်ရ

မန်စီးတီးက ပြောင်းရွှေ့ကြေး ပေါင် ထပ်တိုးပြီး စာချုပ်မယ်လို့ ထပ်ပြောနေတာမို့ မန်စီးတီးက အီတူးကို ဘယ်လိုပုံစံမျိုးနဲ့ ခေါ်ယူနိုင်မလဲဆိုတာစောင့်ကြည့်ရမှာ ဖြစ်ပါကြောင်း.....။ (အင်တာနက်)

၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလား၌ အီတလီအသင်းကို လစ်ပီ ဆက်နည်းပြမည်

ရောမ ဇွန် ၂၃

ကွန်ဖက်ဒရေးရှင်း ဘောလုံးပြိုင်ပွဲ၌ ဇွန် ၂၂ ရက်က အီတလီ အသင်းသည် ဘရာဇီးအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်၍ အုပ်စုအဆင့်မှစောစီးစွာထွက်ခွာခဲ့ရသော်လည်း မိမိအနေဖြင့် လာမည့် ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် အီတလီအသင်းအား နည်းပြအဖြစ် ကိုင်တွယ်မည့် အစီအစဉ်ကို ပြောင်းလဲမည်မဟုတ်ကြောင်း အီတလီနည်းပြ မာဆယ်လိုလစ်ပီက ဖွင့်ဟပြောကြားခဲ့သည်။

ကွန်ဖက်ဒရေးရှင်းဖလားတွင် အောင်မြင်မှုမရရှိခဲ့သော်လည်း မိမိ လူရွေးမှန်ခဲ့ကြောင်း၊ ယင်းအသင်းတွင် လူငယ် လက်ရွေးစင်များအား မရွေးချယ်ခဲ့ခြင်းအတွက်လည်း နောင်တမရကြောင်း လစ်ပီက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

ဝင်ဘယ်ဒန်ဖလားသမိုင်းရေးထိုးရေး အသင့်ရှိနေဟု မူရေးပြောကြား

လန်ဒန် ဇွန် ၂၃

နှစ်ပေါင်း ၇၃နှစ်တာ ကာလအတွင်း မြက်ခင်းပြင် ဂရင်းဆလမ်ဖလားကို ပထမဦးဆုံးဆွတ်ခူးသည့် ဗြိတိသျှလူမျိုးတစ်ဦးအဖြစ် ဝင်ဘယ်ဒန်သမိုင်းကို ရေးထိုးရန် အဆင်သင့် ဖြစ်နေသည်ဟု ယုံကြည်ကြောင်း ဗြိတိသျှတင်းနစ်ကြယ်ပွင့် အန်ဒီမူရေးက ထုတ်ဖော်ပြောကြားခဲ့သည်။

မူရေးသည် ၁၉၃၆ခုနှစ်က ဝင်ဘယ်ဒန် ဆုဖလားဆွတ်ခူးခဲ့သည့်ဗြိတိန်နိုင်ငံသား ဖရက်ပယ်ရီအား အတုယူရန်ကြိုးစားနေပြီး ယခုနှစ်သည် ၄င်းဝင်ဘယ်ဒန် ဆုဖလားဆွတ်ခူးမည့်နှစ်ဟု ယုံကြည်ထားသည်။

တစ်နှစ်တာကာလအတွင်း မူရေးသည် အဓိက တင်းနစ်ဖလားပြိုင်ပွဲကြီးများတွင် အခြားတင်းနစ်သမားများ၏ အဓိကပြိုင်ဘက်ကောင်းတစ်ဦးအဖြစ်ရပ်တည်နိုင်ခဲ့သည်။ မူရေးသည် နောက်ဆုံးပြိုင်ပွဲသုံးပွဲတွင် ကမ္ဘာ့အဆင့်၌ ကမ္ဘာ့အဆင့် (၁) တင်းနစ်သမား ရာဖေးနာဒယ်နှင့်ဆုံတွေ့ကာ အပြတ်အသတ်ရှုံးနိမ့်ခဲ့ဖူးသည်။ (အင်တာနက်)

အီတလီအသင်း၌ ကစားသည့် ပွဲစံချိန် ခံစစ်မှူး ကင်နာဗာရို အမီလိုက်နိုင်ပြီ

အီတလီလက်ရွေးစင် အသင်းခေါင်းဆောင် ကင်နာဗာရို။

လန်ဒန် ဇွန် ၂၃

အီတလီလက်ရွေးစင် အသင်းခေါင်းဆောင်နှင့် ခံစစ်မှူး ဖာဘီယိုကင်နာဗာရိုသည် ဇွန် ၂၁ ရက်က ကွန်ဖက်ဒရေးရှင်းဘောလုံးပြိုင်ပွဲ၌ အီတလီနှင့် ဘရာဇီးတို့ယှဉ်ပြိုင်ကစားသောပွဲတွင် ပွဲစဉ်တစ်လျှောက်လုံး ပါဝင်ယှဉ်ပြိုင်ကစားခဲ့သဖြင့် ယခင်က အီတလီအသင်းအတွက် ပေါလ်မာဒီနီစံချိန်တင် ပါဝင်ကစားပေးခဲ့သည့် ပွဲပေါင်း ၁၂၆ပွဲနှင့် ပွဲအရေအတွက် တူညီသွားပြီဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။

အသက် ၃၅နှစ်ရှိ ကင်နာဗာရိုသည် အီတလီလက်ရွေးစင်အသင်းနှင့်အတူ ၁၉၉၇ ခုနှစ်တွင် နိုင်ငံတကာပွဲစဉ်ကို ပွဲဦးထွက် စတင်ကစားခဲ့ပြီး အီတလီလက်ရွေးစင်အသင်း ကမ္ဘာ့ဖလားဆွတ်ခူးခဲ့သည့် ၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား နောက်ဆုံးဗိုလ်လုပွဲတွင် ၄င်း၏ ပွဲပေါင်း ၁၀၀မြောက် နိုင်ငံတကာပွဲအဖြစ် ပါဝင်ကစားခဲ့သည်။ (အင်တာနက်)

လက်ဝှေ့သမား ပက်စကယ်လ် လိုက်ဟဲဗီးဝိတ်သရဖူ ဆွတ်ခူး

မွန်ထရီယယ် ဇွန် ၂၃

ကနေဒါနိုင်ငံ မွန်ထရီယယ်မြို့ ဘဲလ်ဗဟိုခန်းမ၌ ယင်းမြို့သား လက်ဝှေ့သမား ဂျင်းပက်စကယ်လ်(**ယာပုံ**)သည် ဒဗလျူဘီစီ လိုက်ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ၌ ဇွန် ၁၉ရက် ညပိုင်းက တစ်မြို့တည်းသား ပြိုင်ဘက် လက်ဝှေ့သမား အက်ဒရီယန် ဒီယာကိုနူအား အမှတ်ဖြင့် အနိုင်ရရှိကာ လိုက်ဟဲဗီးဝိတ် ခါးပတ်ကို ရယူခဲ့သည်။

ဒီယာကိုနူသည် ငါးချီမြောက်တွင် အမှတ်ဖြင့် ရှုံးနိမ့်ကာ ၄င်း၏ပထမဦးဆုံး သရဖူကာကွယ်ရေး မအောင်မြင်ခဲ့ချေ။ ပက်စကယ်လ်အတွက်မူ လိုက်ဟဲဗီးဝိတ်သို့ အဆင့်တက်ယှဉ်ပြိုင်ကတည်းက ၄င်း၏ ပထမဦးဆုံးနိုင်ပွဲဖြစ်သည်။ ကွင်းလယ်ဒိုင်လူကြီး မက်ဆီမိုဒီလူကာက ၁၁၅-၁၁၂၊ ဂျွန်ကိန်းက ၁၁၆-၁၁၂နှင့် ဂျက်ဝုဘန်းက ၁၁၆-၁၁၁ ဖြင့် ပက်စကယ်လ်အား အနိုင်ပေးခဲ့သည်။ (အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်
သစ်ပင်စိုက်ပျိုးပွဲ ပဲခူးမြို့တွင် ကျင်းပ

ပဲခူး ဇွန် ၁၅

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၅ ရက် နံနက် ၈ နာရီက ပဲခူးမြို့ မဇင်း (က)ရပ်ကွက် မဟာစေတီဘုရားအနီး မြေကွက်လပ်၌ကျင်းပရာ ပဲခူးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သူရနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများက သစ်ပင်စိုက်ပျိုးကြသည်။

စိုက်ပျိုး

အခမ်းအနားသို့ ပဲခူးခရိုင်ဥက္ကဋ္ဌ ဦးမြင့်သူရ **(ယာပုံ)**၊ အတွင်းရေးမှူး ဦးခင်မောင်ဆွေ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်၊ အတွင်းရေးမှူးဦးကျော်သူရ၊ ပဲခူးတိုင်း(အရှေ့ပိုင်း)သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးပြည့်စုံမျိုး၊ လက်ထောက်ညွှန်ကြားရေးမှူးဦးခင်မောင်ဦး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးအောင်ထွန်းကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ကျော် တက်ရောက်ခဲ့ပြီး သစ်ပင်ကိုးမျိုး၊ ပျိုးပင်ပေါင်း ၁၆၀၀ ကျော်ကို စိုက်ပျိုးသည်။ **(ခရိုင် ပြန်/ဆက်)**

အောင်မြေသာစံမြို့နယ်အတွင်း လမ်းဝဲယာရေနုတ်မြောင်းများ
ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းဆောင်ရွက်

မန္တလေး ဇွန် ၁၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများလိုက်ပါလျက် ဇွန် ၁ရက် နံနက် ၁၀နာရီခွဲက အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်အတွင်း ၈၉လမ်းတစ်လျှောက် ၁၂လမ်းမှ ၂၂လမ်းအထိ လမ်းဝဲယာရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှု၊ မဟာအောင်မြေမြို့နယ်အတွင်းရှိ ၈၁လမ်းအား ၃၈လမ်းမှ ၄၁လမ်းအထိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကျီကုန်းရပ်ကွက်များအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့် လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ဖြည့်ဆည်းဆောင်ရွက်

မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်အတွင်းရှိ ၈၉လမ်းတစ်လျှောက် လမ်းဝဲယာရေနုတ်မြောင်းများ ရေစီးဆင်းမှုကောင်းမွန်စေရန်အတွက် စက်အင်အား၊ လူအင်အားတို့ဖြင့် ရေနုတ်မြောင်းအတွင်းမှ အမှိုက်သရိုက် အညစ်အကြေးများ၊ မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှု အခြေအနေ၊ မင်းတဲအီကင်းရပ်ကွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးအတွင်း ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေနှင့် သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ရေနုတ်မြောင်းများပေါ်တွင် ဖွင့်လှစ်ရောင်းချနေသော လမ်းဘေးကျူးကျော်ဈေးဆိုင်များ၊ ပုံကျဈေးဆိုင်များ၊ ရှင်းလင်းဖယ်ရှားသွားရေးနှင့် အခွန်လွတ်ဈေးအတွင်း ဈေးဆိုင်များ စနစ်တကျ တည်ခင်းရောင်းချနိုင်ရေးအတွက် ဆောင်ရွက်သွားရေးတို့ကို သက်ဆိုင်ရာဌာနမှူးများနှင့် တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကတ္တရာလမ်းခင်း

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အရှေ့ရပ်ကွက်အတွင်းရှိ ၈၁လမ်းမကြီးတစ်လျှောက် ၃၈လမ်းမှ ၄၁လမ်းအထိ ထပ်ပိုးလွှာတင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်အတွင်း ခေတ်မီကတ္တရာဖျန်းစက်ယာဉ်ဖြင့် ကတ္တရာလမ်းခင်းဆောင်ရွက်နေမှုနှင့် စက်အင်အား၊ လူအင်အားတို့ဖြင့် ထပ်ပိုးလွှာတင် အခြေခံကျောက်လွှာလမ်းခင်း ဆောင်ရွက်နေမှုလုပ်ငန်းများနှင့် လမ်းဝဲယာ ရေနုတ်မြောင်းများ ရေစီးဆင်းမှု အခြေအနေတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လမ်းလုပ်ငန်းသုံး ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြု ဆောင်ရွက်သွားရေး၊ စက်ယန္တရားများ အကျိုးရှိစွာ အသုံးပြုဆောင်ရွက်သွားရေးနှင့် လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းအောင် ဆောင်ရွက်သွားရေးတို့ကို လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့အား မှာကြားကာ လမ်းလုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးခဲ့သည်။ (၁၁၃)

မြို့နယ်သတင်းများ

ဝါဏိဇ္ဇသမဝါယမအသင်းစု ဖွဲ့စည်းရေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ပွဲကျင်းပ

ကျောက်တံခါး ဇွန် ၁၂

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ဝါဏိဇ္ဇအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်ကို ကျောက်တံခါးမြို့နယ် ကိုယ်စားပြု မြို့နယ်သမဝါယမအသင်းစုအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အဆိုပါအခမ်းအနားကို မေ ၃၀ရက်က ဝါဏိဇ္ဇအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအဆင့် ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသန်းထွန်း၊ ကျောက်တံခါးမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းထိုက်အောင်နှင့် အဖွဲ့ဝင်များ၊ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ကတိသစ္စာ

အခမ်းအနားတွင် ကျောက်တံခါးမြို့နယ် ဝါဏိဇ္ဇသမဝါယမ အသင်းစုကို ဥက္ကဋ္ဌ ဦးအောင်ဝင်းနှင့် ဒါရိုက်တာအဖွဲ့ဝင် ၁၀ဦးတို့အား အသင်းဝင်များက ရွေးချယ်တင်မြှောက်ဖွဲ့စည်းကြပြီး ရွေးချယ်တင်မြှောက်ခံရသူများက သဘာပတိ ရှေ့မှောက်၌ ကတိသစ္စာခံယူကြကြောင်း သိရသည်။ (ဝဲပုံ)

(မြို့နယ် ပြန်/ဆက်)

ငွေဆောင်မြို့ ဒေသဖွံ့ဖြိုးရေး ပုသိမ်ခရိုင်ဥက္ကဋ္ဌ ကွင်းဆင်းဆောင်ရွက်

ပုသိမ် ဇွန် ၁၂

ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်သည် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၈ရက် မွန်းလွဲ ၂ နာရီက ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌက ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး **(အောက်ပုံ)** ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးတင်ရှိန်က စိုက်ပျိုးရေးဆိုင်ရာ စီမံကိန်းရည်မှန်းချက်များ ပြည့်မီရေး၊ အဆင့်မြင့် အရည်အသွေးကောင်းမျိုးများ စိုက်ပျိုးရေးတို့ကို အကျယ်တဝင့် ဆွေးနွေးမှာကြားရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းဝင်းက ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများ၏ အရည်အချင်း၊အရည်အသွေး မြင့်မားရေးနှင့် လုပ်ငန်းများ စွမ်းရည်မြှင့်ထမ်းဆောင်ရေးတို့ကို ဆွေးနွေး မှာကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှေးဦးစွာ ငွေဆောင်မြို့ အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးလှိုင်က ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် ဌာနဆိုင်ရာများက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

မိုးစပါးလျာထားချက်ပြည့်မီရေး
မိုးကောင်း၌ ဆွေးနွေး

မိုးကောင်း ဇွန် ၁၆

ကချင်ပြည်နယ် မိုးညှင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မောင်စိုးသည် ခရိုင်စိုက်ညှိအဖွဲ့ဝင်များနှင့်အတူ ဇွန် ၁၃ ရက် ညနေ ၃ နာရီက မိုးကောင်းမြို့ နန့်ကောင်းရိပ်သာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးမှာကြား

အခမ်းအနားတွင် မိုးကောင်းမြို့နယ် ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး တင်ငွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မိုးစပါး တစ်မိုးနှစ်သီး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မေ ၁၂ ရက်က ညောင်ရွှေမြို့တွင်း ရေစီးရေလာကောင်းမွန်စေရေး ရုံးကြီးလမ်းဘေးရေစီးမြောင်းအား အဖွဲ့ပိုင်မြေကော်စက်ဖြင့် တူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိနှင့် လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် စည်ပင်သာယာရေး အဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းဆောင် ကြီးကြပ်ပြုပြင် တည်ဆောက်လျက်ရှိသော သီရိမင်္ဂလာ လမ်းတံတား အမှတ်(၂) လုပ်ငန်းခွင်သို့ မြို့နယ်အမှုဆောင် အရာရှိ ဦးဝင်းကိုကိုနှင့် တာဝန်ခံ အင်ဂျင်နီယာမှူး ဦးကျော် ဇေယျာဝင်းတို့ ဇွန် ၁၂ရက်က ကွင်းဆင်း ကြည့်ရှု စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၅ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ကျွန်းလှ-သဖန်းဆိပ် လမ်းဘေးဝဲယာတွင် ကျွန်း၊ တမာနှင့် မန်ကျည်းပင်များ စိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မူးယစ်ဆေးဝါး အန္တရာယ်အကြောင်း ပညာပေးဟောပြော

မိုးကောင်း ဇွန် ၂၀

ကချင်ပြည်နယ် မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့နှင့် မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို မိုးကောင်းမြို့ အထက(၁) မဏ္ဍပ်သာခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီကကျင်းပရာ အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေရွှယ်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ်မြစ်ကြီးနား မူးယစ်(အထူး)အဖွဲ့ ကြီးကြပ်သူအရာရှိ ဒုတိယရဲမှူး ဒေါ်ဇဒါးလ်က မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောကြသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပြည်မြို့တွင် ၂၀၀၉ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်းနှင့် ပိုစတာပြိုင်ပွဲကို ဇွန် ၆ ရက်က ပြည်မြို့ အထက(၄)၌ကျင်းပရာ ပဲခူးတိုင်း (အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်နှင့် တိုင်း၊ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်န်ဂျီအို အဖွဲ့အစည်းများ လာရောက်ကြည့်ရှုအားပေးစဉ်။ (ခရိုင် ပြန်/ဆက်)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပွဲ ကန်ပက်လက်၌ကျင်းပ

ကန်ပက်လက် ဇွန် ၁၅

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ချင်းပြည်နယ် ကန်ပက်လက်မြို့၌ ကန်ပက်လက်-ဆောကားလမ်း မိုင်တိုင်အမှတ် (၈၀/၅) မိုင်တွင် ဇွန် ၂ရက် နံနက် ၉နာရီက ကျင်းပသည်။

သစ်ပင်ငါးမျိုး

အဆိုပါပွဲတော်တွင် မြို့နယ်ဥက္ကဋ္ဌ ဦးသန့်စင်ထွန်းနှင့် မြို့နယ်သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးရိန်အောင်လိန်းတို့ကဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်န်ဂျီအိုမှတာဝန်ရှိသူများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများက သစ်ပင်အမျိုးပေါင်း ငါးမျိုး၊ အပင်ပေါင်း ၄၀၀ကျော်ကို စိုက်ပျိုးကြသည်။

သစ်ပင်စိုက်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်န်ဂျီအိုမှတာဝန်ရှိသူများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့မိမြို့ဖနှင့်ပြည်သူများ အပါအဝင် အင်အား ၂၀၀တက်ရောက်သည်။ (မြို့နယ် ပြန်/ဆက်)

ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးထွန်းထွန်းစိုးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးခင်မောင်သန်းတို့ ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးဌာနသို့ မေ ၁၇ရက်က ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုနှင့် မီးသတ်ယာဉ် တောင့်တင်းခိုင်မာမှုရှိမရှိကို ကြည့်ရှုစစ်ဆေးစဉ်။ (ဝ၉ဝ)

ဗန်းမော်စည်ပင် ပန်းအလှပင်များ စိုက်ပျိုး

ဗန်းမော် ဇွန် ၁၈

ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းအဓိက အချက်အချာကျလမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်လမ်း၊ ဦးကြီးထိန်နန်လမ်း၊ လက်ဝဲသုန္ဒရလမ်းနှင့် ရုံးကြီးလမ်းဘေးဝဲယာ တစ်လျှောက်တွင် စကြာပန်း၊ ခရာဝါပန်း၊ ပန်းအိုးနှင့် နွယ်သာကီ ပန်းအလှပင်များကို ဇွန် ၁၅ရက်က အဖွဲ့ဝန်ထမ်းများဖြင့် မြေချစိုက်ပျိုး ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးက ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မီးသတ်ဦးစီးဌာန ညွှန်/ချုပ်ဦးမြင့်ထွန်း မီးသတ်ယာဉ်စစ်ဆေး

ခင်ဦး ဇွန် ၁၀

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် အထက်မြန်မာပြည် ကွပ်ကဲရေးမှူး ညွှန်ကြားရေးမှူး ဦးမင်းဆွေ၊ ရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဌေးရွှေ၊ တိုင်းမီးသတ်ဦးစီးမှူးဦးအောင်မြင့်၊ ခရိုင်ဦးစီးမှူး ဦးဝင်းမောင်တို့လိုက်ပါ၍ မေ ၂၆ရက် နံနက် ၁၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လွင်၊ မြို့ပေါ်လေးရပ်ကွက်မှ ဥက္ကဋ္ဌများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်စခန်းတာဝန်ခံဒုတိယဦးစီးမှူး ဦးနိုင်ဝင်းထွန်းနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံမှာကြားပြီး မီးသတ်စခန်းရှိမီးသတ်ယာဉ်နှင့်စက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ (၁၈၂)

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း လုပ်ငန်းဖြစ်သော ဗိုလ်ချုပ်လမ်းပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်မှုကို မေ ၁၃ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးလှိုင်ဝင်းမောင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး ဝက်လက်၌ ဆွေးနွေး

ဝက်လက် ဇွန် ၁၀

ဝက်လက်မြို့နယ် လှတောစခန်းနယ်မြေအတွင်း ဖွင့်လှစ်ထားရှိပြီးသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ သတ်မှတ်စံ(၅)ချက်နှင့်အညီ ရှင်သန်ခိုင်မာရေးအတွက် ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၃ရက် နံနက် ၁၁နာရီခွဲက လှတောစိုက်ပျိုးရေးစခန်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဌေးဝင်းက သတ်မှတ်စံ(၅)ချက်နှင့်ရှင်သန်ခိုင်မာရေး၊ ကျေးလက်နေပြည်သူများ စာပေဗဟုသုတ ရရှိရေးတို့အတွက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာထောက်(၃) ဒေါ်နန်းမြင့်က စာကြည့်တိုက်ပညာရပ်များနှင့် စာငှားစနစ်၊ စာပေပစ္စည်းထိန်းသိမ်းရေးတို့ကို ရှင်းလင်း ဆွေးနွေးသည်။

အဆိုပါ ဆွေးနွေးပွဲသို့ လှတော၊ ကျီးကန်း၊ မဲကုန်းနှင့် ရွှေကျင်ကျေးရွာအုပ်စုများမှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်မှူးများ၊ စာရေးကြီးများ တက်ရောက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေး ကယားပြည်နယ်၌ အသိပေးဆောင်ရွက်

လွိုင်ကော် ဇွန် ၁၀

၂၀၀၉ခုနှစ် မေလအတွင်း ကယားပြည်နယ် လွိုင်ကော်၊ ဖားဆောင်း၊ မယ်စဲ့ မြို့နယ်များတွင် ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ အသိပညာပေးပွဲကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးအရာရှိများ၊ ဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများ မေ ၅ရက်မှ ၂၃ရက်အထိ လွိုင်ကော်မြို့၌ ကျင်းပကြသည်။

ကွင်းဆင်းဆောင်ရွက်

ဆက်လက်၍ ဖားဆောင်းမြို့နယ်တွင်လည်း မေ ၈ရက်က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်း**(အောက်ပုံ)**၊ မြို့ဝင်၊ ထွက်ဂိတ်များတွင် ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများအတွင်းသို့ လက်ကမ်း စာစောင်များ၊ တိုင်းရင်းသား ဘာသာစကားများဖြင့် အသံချဲ့စက်နှင့် ဆော်ဩအသိပေးကြသည်။

အလားတူ မယ်စဲ့မြို့နယ်တွင်လည်း ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ နယ်စပ်ဂိတ်ဘီပီ(၁၃)၊ ဘီပီ (၁၄)သို့ ကွင်းဆင်းဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင်ကို၏စီစဉ်မှုဖြင့် ဇွဲကပင်ခန်းမရှေ့ ကန်သာယာအတွင်း အဖွဲ့ဝန်ထမ်းများဖြင့် ဒိုက်များဆယ်ယူခြင်းကို ဦးစီးအရာရှိ ဦးကိုကိုနိုင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

စီမံကိန်းရည်မှန်းချက်များ မြစ်ကြီးနား၌တာဝန်ပေးအပ်

မြစ်ကြီးနား ဇွန် ၁၅

၂၀၀၉-၂၀၁၀ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၂၉ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

ရေးဦးစွာ မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က မြစ်ကြီးနားခရိုင်၏ စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံကိန်းမှူး ဦးဟုတ်စွန်က ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

လက်ခံ

ထို့နောက် မြစ်ကြီးနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်အုပ်က ၂၀၀၉-၂၀၁၀နှစ်စဉ်စီမံကိန်း ရည်မှန်းချက်တာဝန်များကို ပေးအပ်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

(မြို့နယ် ပြန်/ဆက်)

မှုခင်းကျဆင်းရေး မိတ္ထီလာတွင်ဟောပြော

မိတ္ထီလာ ဇွန် ၁၅

မိတ္ထီလာခရိုင် ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးထွန်းဦး၏ ဦးဆောင်မှုဖြင့် မိတ္ထီလာမြို့နယ်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မှုခင်းကျဆင်းရေး၊ မှုခင်းအသိပညာတိုးတက်ပြန့်ပွားရေးနှင့် မှုခင်းကြိုတင်ကာကွယ်ရေးအတွက် မှုခင်းပညာပေး ဟောပြောပွဲများကို မိတ္ထီလာရဲစခန်း နယ်မြေအသီးသီး၌ ကျင်းပရာ မိတ္ထီလာမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးရွှေသောင်းသည် အမှတ်(၁)ရဲစခန်းမှူး ရဲအုပ်ခင်မောင်စိုး၊ အမှတ်(၂)ရဲစခန်းမှူး ရဲအုပ်ဘုန်းနိုင်၊ အမှတ်(၃) ရဲစခန်းမှူး ရဲအုပ်အောင်မျိုးလွင်တို့နှင့်အတူ ဇွန် ၃ရက်က ရဲစခန်းနယ်မြေအသီးသီးတွင် အမှုကြီးနှင့် အခြားမှုဖြစ်ပွားသောအမှုများ လျော့နည်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေခံရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ မြို့ပေါ်ရပ်ကွက်တွင် ပြေးဆွဲလျက်ရှိသော ဆိုင်ကယ်ကယ်ရီသမားများအား ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းကူညီ သတင်းပေးရန် ပညာပေးဟောပြောသည်။ **(ဝဲပုံ)** **(၀၈၆)**

မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး တပ်ဖွဲ့ဝင်သားသမီးများ ပညာသင်စရိတ်ပေးအပ်

မော်လမြိုင် ဇွန် ၂၃

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၉-၂၀၁၀ ပညာသင်နှစ်အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများပေးအပ်ပွဲကို ဇွန် ၁၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ရွှေက ပညာသင်စရိတ်ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး **(အပေါ်ပုံ)**၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကျော်ရွှေနှင့် ဒုတိယရဲအုပ်ခိုင်သန်းတို့က တက္ကသိုလ်အဆင့် ၃၁ ဦး၊ အထက်တန်းအဆင့် ၄၃ ဦး၊ အလယ်တန်းအဆင့် ၆၈ ဦး၊ မူလတန်းအဆင့် ၅၄ ဦး စုစုပေါင်း ၁၉၆ ဦးတို့အား ပညာသင်စရိတ် ငွေကျပ် ၇၀၆၀၀၀ နှင့် စာရေးကိရိယာများကို ပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေတ္တရာအသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၃

ခေတ္တရာအသင်း(ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇူလိုင်၄ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကားအနီးရှိ ခေတ္တရာအသင်းမွှာရုံ၌ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဦးသန်းထွန်း ဖုန်း- ၃၇၄၅၃၁၊ ဦးငွေအောင် ဖုန်း- ၅၃၀၆၇၄၊ ဦးဘိုနီ ဖုန်း- ၇၀၉၀၄၅၊ ဒုတိယဗိုလ်မှူးကြီးဝင်းမြင့် (ငြိမ်း) ဖုန်း- ၅၂၆၃၄၃၊ ဦးဝင်းမော် ဖုန်း-၂၄၂၁၃၈ နှင့် ဒေါ်ဥမ္မာသန်း ဖုန်း- ၂၄၉၀၉၂တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ခေတ္တရာအသင်း)**

ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့်အတူ မေ ၁၇ရက်က ပင်းတယမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ရုံးအဆောက်အအုံများ လုပ်မှုရှိရေးတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ် ပြန်/ဆက်)

ညောင်တုန်းမြို့ သန့်ရှင်းသာယာလှပရေးနှင့် မြို့အတွင်း ရေမဝပ်စေရေးအတွက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် ရေမြောင်းများတူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစန်းယုလှိုင်တို့ ဇွန် ၁၀ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၅၂)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မေ ၃၀ရက်က ထားဝယ်မြို့ ဆေးရုံလမ်းရေမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြေတူးစက်ဖြင့် မြောင်းဖော်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုး ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ်စည်ပင် ရေနုတ်မြောင်းတူးဖော်

ကျိုင်းတုံ ဇွန် ၁၅

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးအတွက် တောင်ကြီးလမ်း ဘေးဝဲယာ ရေနုတ်မြောင်း တူးဖော်ဆယ်ယူခြင်းကို မေ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၉ခုနှစ် တရားမဓာရီမှုအမှတ်-၂ (အမ်)

မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။ **နှင့်** ဒေါ်စန္ဒာမန်း(ခ)ဒေါ်ညွှန့်ညွှန့်စိန် (ကွယ်လွန်သူတရားရှုံး ဒေါ်ညိုတင်နှင့် မောင်စန်းယုတို့၏တရားဝင်ကိုယ်စားလှယ်)

တရားနိုင် **တရားရှုံး**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ်-၅၁၁ တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဩဂုတ် ၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ သဲတော (၃)ရပ်ကွက်၊ ကွင်းအမှတ် (၂/သဲတောမြောက်)၊ ဦးပိုင်အမှတ်(၄၇/၁+၅၀/၂)၊ ဧရိယာ ၀ဒ၃သမ၂၃၁ဧကရှိမြေ၊ ၁။ ယင်းမြေကွက်ပေါ်ရှိ (၂၉×၃၁) ပေ နံကပ်သွပ်မိုး၊ ကွန်ကရစ်ခင်းတစ်ထပ်တိုက်၊ ၂။ (၂၆×၁၉) ပေ ထရံကာ၊ သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ဆီစက်ရုံ၊ ၃။ (၂၆×၁၉) ပေ နံကပ် မီးဖိုချောင်တွဲလျက်၊ ၄။ စက်ပစ္စည်းများ

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၈၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇွန် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၇ခုနှစ် တရားမဓာရီမှုအမှတ်- ၅၁၃(အမ်)

မြန်မာ့စီးပွားရေးဘဏ် ဝမ်းတွင်းမြို့။ **နှင့်** ၁။ ဦးမြင့်သိန်း ၂။ ဒေါ်သန်းကျင်

တရားနိုင် **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၅၃တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၉ခုနှစ် ဩဂုတ် ၃ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်)မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ ဝမ်းတွင်း(၁)ရပ်ကွက်၊ ကွင်းအမှတ်(၁၅၈၂/၂၁၀၉)၊ ပျော်ဘွယ်ရွာမကွင်း၊ ဦးပိုင်(၄)၊ မြေကွက်အမှတ် (၁၄/၄၃၉)၊ ဧရိယာ ၀ဒ၃သမ၂၂ ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ် သွပ်မိုးနှစ်ထပ်တိုက်၊ နံကပ်သွပ်မိုး စက်ရုံ၊ နံကပ်သွပ်မိုး ဂိုဒေါင်၊ ရေစင်၊ ရေချိုးခန်း၊ အုတ်ရေကန်၊ စက်ပစ္စည်းများအားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင် ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဇွန် ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

(၃၂)ကြိမ်မြောက် အသံမစဲ အဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဆိုပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် (၁၄)ကြိမ်မြောက် ဝါဆိုဝတ်စုံလှူဒါန်းပွဲ

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း သမိဒ္ဓေါဒယ သုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၌ ၂၂-၆-၂၀၀၉ ရက် (တနင်္လာနေ့)နံနက် ၈း၀၀ နာရီမှစ၍ အဘိဓမ္မာခုနစ်ကျမ်း ရွတ်ဆိုပူဇော်ပြီး ၃၀-၆-၂၀၀၉ရက်(အင်္ဂါနေ့) မွန်းလွဲ ၂း၀၀နာရီ၌ အဘိဓမ္မာ ခုနစ်ကျမ်းအောင်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါဆိုဝတ်စုံလှူဒါန်းပွဲ အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ အလှူရှင် အလှူအမအပေါင်းတို့ ကိုယ်တိုင်ကြွရောက် ကြည်ညိုကြပါရန် မေတ္တာရှေ့ထား၍ ဖိတ်ကြားအပ်ပါသည်။

နာယကဆရာကြီးများ
ဒေါ်ဉာဏစာရီ၊ မြန်အောင်ကျောင်းတိုက်။

ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

တိပိဋကရေ၊ တိပိဋကကောဝိဒ၊ ဘဒ္ဒန္တကုန္ဒပါလအားအမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲမြို့နယ်ဇာတိဖွား ကျောင်းထိုင်ဆရာတော်ကြီး(၆၄)ပါး၊ သီလရှင်ဆရာကြီးသုံးပါးတို့အား ဆဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ၅-၇-၂၀၀၉ရက် မွန်းလွဲ ၂နာရီတွင် ရခိုင်ပြည်နယ်မွှာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြို့နယ်သူ မြို့နယ်သားများ ကြွရောက်ကြပါရန် ဝါဆိုသင်္ကန်း၊ အလှူငွေထည့်ဝင်လိုသူများသည် အသင်းဥက္ကဋ္ဌဦးချမ်းမောင် ဖုန်း-၅၁၃၄၆၂၊ ဒုတိယဥက္ကဋ္ဌ ဦးဘိုးတင် ဖုန်း-၀၉-၈၅-၃၀၃၉၈၊ အတွင်းရေးမှူး ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၁၄၂၆၄၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း-၀၉-၈၅-၃၀၃၈၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဖခင်အမည်မှန်နှင့် တစ်ဦးတည်းဖြစ်ကြောင်း

မလှိုင်မြို့ အထက တက္ကသိုလ်ဝင်တန်း (H)မှ မောင်အောင်ချမ်းမျိုး ၉/ပမန(နိုင်)၁၉၈၂၄၂၊ နဝမတန်း(D)မှ မောင်ဝေယံမျိုး ၉/ပမန(နိုင်)၂၄၅၁၆၀ နှင့် ပဉ္စမတန်း(D)မှ မောင်နေလင်းမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးမောင်(ခ)ဦးသောင်းလှိုင် ၉/ပမန(နိုင်) ၁၇၄၀၀၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမျိုးမောင်(ခ)ဦးသောင်းလှိုင်
၉/ပမန(နိုင်)၁၇၄၀၀၉။

ယာဉ်မှတ်ပုံတင်စာအုပ် လျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၈၁၆၉၄ ယာဉ်လက်ဝယ်ရှိသူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးက ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန(ခရိုင်ရုံး)၊မြင်းခြံမြို့။**

မူးယစ်ကင်းစင် အလှဆင်

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇွန် ၂၃

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့် အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း- ၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါနှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

ဆည်နှင့် ရေလှောင်တမံများ တည်ဆောက်ထိန်းသိမ်း
ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း

ရန်ကုန်မြို့ မိုင် (၃၀)ဝန်းကျင်(အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေး အထောက်အကူပြုမည့် သုံးခွရေထိန်းတံခါးကို ဤသို့ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

တူးဖော်ဆောင်ရွက်ပြီးစီးနေသည့် စိမ်းလန်းစိုပြည်ရေး စီမံကိန်းတူးမြောင်းအပိုင်းကို မိုးရေများဖြင့် ပြည့်လျှံလျက် ဇွန် ၁၆ ရက်က ဤသို့ တွေ့ခဲ့ရသည်။
ဓာတ်ပုံမှတ်တမ်း - အောင်သန်း (မင်္ဂလာတောင်ညွန့်)

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း အောင်သန်း(မင်္ဂလာတောင်ညွန့်) / စာမျက်နှာဖွဲ့စည်းမှု ဝင်းချို (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၃

ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ ဦးစီးဌာနများမှ ဦးဆောင်ကာ ဆောင်ရွက်လျက်ရှိသည်။ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းအတွက် အဓိကမှာ စိုက်ပျိုးရေ ရရှိရေးပင်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှလည်း ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် (အရှေ့ခြမ်း) စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းငါးသွယ်သတ်မှတ်ပြီး လတ်တလော လုပ်ငန်းသုံးသွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ကိုယ်တိုင်ကိုယ်ကျ

မြန်မာ့အလင်းသတင်းအဖွဲ့သည် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ဆဲ၊ တည်ဆောက်ပြီး ရေလှောင်တမံများ၊ ရေပိုလွှဲဆည်များ၊ ရေထိန်းတံခါးများသတင်းကို နိုင်ငံတစ်နံတစ်လျား ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းသွားရောက်ကာ လက်တွေ့ဖြစ်ရပ်မှန် မြင်ကွင်းများအဖြစ် မှတ်တမ်းဓာတ်ပုံများနှင့်တကွ ရေးသားဖော်ပြခဲ့သည်။

စိုက်ပျိုးရေ

မကြာမီက ပဲခူးတိုင်း ဝေါမြို့နယ်မှ နဂါးပေါက်ရေထိန်းတံခါး သတင်းမှတ်တမ်းရယူရာတွင် ရန်ကုန်မြို့ မိုင်(၃၀)ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးအတွက်

စာမျက်နှာ ၇ ကော်လံ ၁ ●

မြန်မာ့အလင်း ဆန်လုံးညိုနှင့် သွေးတိုး ဆီးချို

ဆန်လုံးညိုကို စားသုံးလျှင် သွေးတိုးနှင့် ဆီးချိုကို ကာကွယ်နိုင်



ဆန်လုံးညိုကို စားသုံးခြင်းသည် ခန္ဓာကိုယ်အတွင်း ကိုလက်စထရောများနေမှုကို ကျဆင်းစေပြီး ဆီးချို၊ သွေးချိုဖြစ်ပွားမှု လျော့ကျစေကြောင်း တရုတ်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၅ ■

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

၂၀၁၁ ခုနှစ်၌ နေစွမ်းအင်သုံးလေယာဉ်များ စတင်ပျံသန်းမည်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်

နေစွမ်းအင်သုံးလေယာဉ်ဖြင့် ကမ္ဘာတစ်ဝန်း ခရီးစဉ်များကို ၂၀၁၁ ခုနှစ်၌ ပထမဆုံးပျံသန်းမည်ဖြစ်ရာ နေစွမ်းအင်သုံးလေယာဉ်များကို တရုတ်နိုင်ငံမှ သုတေသနပညာရှင်များက ထုတ်လုပ်တော့မည်ဖြစ်သည်။

နေစွမ်းအင်သုံးလေယာဉ်

နေစွမ်းအင်သုံးလေယာဉ်များကို တရုတ်နိုင်ငံမှ ဒတ်ချီဘင့်ကုမ္ပဏီက ထုတ်လုပ်မည်ဖြစ်သည်။ နေစွမ်းအင်အသုံးပြုခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုလည်း ကင်းစင်စေမည်ဖြစ်သည်။

ပျံသန်းမည်

ယင်းနေစွမ်းအင်သုံးလေယာဉ်ကို ၂၀၁၁ ခုနှစ်၌ စတင်ပျံသန်းသည့်အခါ စုစုပေါင်း ရက် ၃၀ ကြာ စမ်းသပ်ပျံသန်းသွားမည်ဖြစ်သည်။



နေစွမ်းအင်သုံးလေယာဉ်ပုံစံကိုလည်း တရုတ်နိုင်ငံ လျောင်နင်းပြည်နယ် ရှန်ယန်မြို့၌ ပြသထားသည်။

လေယာဉ်အရွယ်အစား

နေစွမ်းအင်သုံးလေယာဉ်အရွယ်အစားမှာ အရှည် ၆၃ ဒသမ ၃ မီတာရှိပြီး အလေးချိန်

စာမျက်နှာ ၉ ကော်လံ ၁ ＊